# သင်္ခတ အသင်္ခတ သုတ္တန်
## တရားတော်


သဲကုန်း အရှင်ဉာဏိဿရ
[ သပိတ်အိုင် ]

သီတဂူစာအုပ် အမှတ်စဉ် [၁၈]

သဲကုန်း အရှင်ဉာဏိဿရ

# သင်္ခတ အသင်္ခတ သုတ္တန်

## တရားတော်

ပြန့်ချိရေး

[၁·] ဓမ္မတေးဝိဇ္ဇာ မိသားစု အသံသွင်းဌာန၊ အမှတ် ၁၈၂၊ မောင်ထော်လေးလမ်း၊ ရန်ကုန်မြို့။ ဖုန်း ၈၃၄၁၁

[၂] ဦးညွန့်တင်၊ ရွှေလဝင်းပရိက္ခရာဆိုင်၊ ၈၆လမ်း၊ (သကျသီဟ ဘုရားအနောက်ဘက်)၊ မန္တလေးမြို့။

ဘာသာရေးဆိုင်ရာစာပေ ခွင့်ပြုချက်အမှတ် [၆၇၇]
မျက်နှာဖုံးခွင့်ပြုချက် အမှတ် [၂၅၀]

၂|၅၆

ပထမအကြိမ် - ပုံနှိပ်ထုတ်ဝေခြင်း

*

၁၉၈၄-ခုနှစ်၊ ဇန်နဝါရီလ

*

အုပ်ရေ-၂၀၀၀

*


မျက်နှာဖုံးရိုက် - မျိုးညွန့်ပုံနှိပ်တိုက်

*

တန်ဖိုး - ၅ ကျပ်

*

ဒေါ်တီ [၀၀၆၈]၊ သီရိစာပေဖြန့်ချိရေး၊ အမှတ် ၃၈၊ ၈၇ လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့က ထုတ်ဝေ၍၊ ဒေါ်တီ [၀၁၂၆၁]၊ မျိုးညွန့်စာပုံနှိပ်တိုက်၊ အမှတ် ၃၈၊ ၈၇ လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့က ပုံနှိပ်သည်။



# နိဒါန်းအမှာ

**ကျမ်းပြုဆရာတော် နှင့် ကျွန်တော်**

ကျွန်တော်နှင့် သဲကုန်းဆရာတော် အရှင်ဉာဏိဿရ (သပိတ်အိုင်) တို့ တရင်းတနှီးမရှိကြ။ သို့တစေ ကျွန်တော်ကမူ သဲကုန်းဆရာတော် ဟောကြားအပ်သော တရားတော်များကို အလေးထား၍ နာကြားနေသူ တရားနာ ပရိသတ်တဦး။ ထို့အပြင် သဲကုန်းဆရာတော်၏ သီတဂူ တရားဓမ္မ စာအုပ်များကို နှစ်သက်စွဲလမ်းစွာ ဖတ်ရှုလေ့လာနေသူ စာဖတ်ပရိသတ် တဦးဖြစ်သည်ကား မှန်ပါသည်။

ဤသည်ကို အကြောင်းသိသော အရှေ့ပိန္နဲကုန်း- မိုးညှင်း စံကျောင်းမှ အရှင်သစ္စာဝံသ (ဓမ္မာစရိယ), *B.Sc* က သခ်ိတ အသခ်ိတသုတ္တန် စာမူကို ကျွန်တော့်အားပေး၍ "ဒီစာအုပ်အတွက် နိဒါန်းရေးစမ်းပါ" ဟု အမိန့်ရှိလှာပါသည်။ စာမူကို ယူပင်ယူထားလိုက်ရသော်လည်း သိပ်ပြီးဘဝင်မကျလှ။ စာမူကို အပြန်အလှန် ဖတ်ရှုလေ့လာမိသောအခါ၌ကား "ကျားမိသည့်ခွေး၊ လေးမိသည့်စွန်၊ ကွန်မိသည့်ငါးမိုက်၊ ပိုက်မိသည့်ရွှေယုန်" ကဲ့သို့ စာအုပ်နိဒါန်းရေးသားရန် တုန်လှုပ်ချောက်ချားဝန်လေးလာမိပါတော့သည်။

တခါက ကဗျာဉာဏ် အာဘော် ကလော်တိုင်းရသည့် စာဆိုအကျော် ဆရာကြီးသခင်ကိုယ်တော်မှိုင်းက "မင်းတို့ဉာဏ်အမြင် တမိုက်တထွာမျှရယ်နဲ့၊ ငြင်းဖို့သန်လျှင် မိုက်ရာကျပေလိမ့်၊ စရိုက်သဘာဝရယ်က ကျမ်းဂန်နယ်" ဟု စာဆိုဖူးသည်ကို

ထင်ရလာပါသည်။ ယခုလည်း ကျွန်တော့် ဉာဏ်ပိန်ဉာဏ်ပါး ဉာဏ်အလတ်စားဖြင့် စကားဆို၍ ဆရာတော်ဟောကြားသည့် တရားစာအုပ်အတွက် နိဒါန်းရေးချေသော် အဘယ်သို့ ရှိပါမည်နည်း။

ဆရာတော် ဟောကြားတော်မူအပ်သော တရားတော်များကား ဂန္ထန္တရ ဗဟုသုတရဂုံမြိုင်တွင် ကောင်းချီးဖွယ်အဝဝဖြင့် လှလှပပ ဖူးပွင့်ကြိုင်လှိုင်နေကြ၍၊ ပုပ္ဖ,နိ,ဝါ,ပြာ တချို့ မခို့ တရို့အသွင်ဖြင့် တရားချစ်ခင် စိတ်ကောင်းဝင်ငြား အမျိုးကောင်းသား အမျိုးကောင်းသမီးအများတို့အား ဆွဲဆောင်နိုင်ကြပါပေသည်။

မည်သို့ပင်ဆိုစေ တာဝန်ပေး၍စေခိုင်းသူ အရှင်သစ္စာဂံသ (ဓမ္မာစရိယ), *B.Sc* ၏ စေတနာကိုလည်း တုံ့ပြန်ရပါမည်။ ထိုသို့ဆိုသော် သဲကုန်းဆရာတော်၏တရားများကို နာယူဖတ်ရှုလေ့လာနေသူ မိမိအမြင်နှင့် စာဖတ်ပရိသတ် အမြင်တို့ ဖလှယ်ကြရလျှင် ကောင်းမြတ်မည် မဟုတ်ပါလော....။

### ထိုက်ထိုက်တန်တန် နေရာရရှိနေသူ

သဲကုန်းဆရာတော်အား စာဖတ်ပရိသတ်နှင့် ဆက်သွယ်ပေးရန် လိုမည်မထင်ပါ။ စာဖတ်ပရိသတ်အတွက် သဲကုန်းဆရာတော်ဘွဲ့သည် တစိမ်းပြင်ပြင်ကြီးမဟုတ်ပါ။ သဲကုန်းဆရာတော်ကား မြန်မာနိုင်ငံအနှံ့အပြား ကျော်ကြားသိရှိပြီးဖြစ်ပါသည်။ ဒါရုက္ခန္ဓောပမာသုတ္တန်စသော ဆရာတော်၏စာအုပ်များလည်း

ထုတ်ဝေပြီးသည့် အပြင် မြို့တကာ နယ်အဆုံး တနိုင်ငံလုံး၌ အလှူမင်္ဂလာ၊ သဲဘမှ နာမှုအစုစုတွင် ဆရာတော်၏ တရားတိတ်ခွေများမှ တရားတော်အသံများကို ကြားနာနေကြရပါသည်။

ဤမျှသာမကသေး။ ဆရာတော်သည် ပြည်ပနိုင်ငံများသို့ပင် ထွက်၍ တရားဓမ္မများကို ဟောကြားတော်မူပါသေးသည်။ မြန်မာနိုင်ငံ ဓမ္မကထိကလောကတွင် တမူဆန်း၍ တခန်းသစ်ကာ တဟုန်ဖြစ်သည်ဟု ဆိုချင်ပါသည်။ ဆရာတော်၏ တရားဟော သာသနာပြုလုပ်ငန်းသည် သာသနာအတွက် နက်နက်ရှိုင်းရှိုင်း ရှိသည်၊ ကျယ်ကျယ်ပြန့်ပြန့် အရာရောက်သည်၊ ထို့ကြောင့်ပင် မျက်မှောက်ခေတ်တွင် ထိုက်ထိုက်တန်တန် နေရာရရှိနေခြင်း ဖြစ်ပါတော့သည်။

ဓမ္မကထိကအင်္ဂါ(၅)ပါး

သဲကုန်းဆရာတော်ဟောကြားတော်မူသည့် တရားတော်များကား ဆန်းဆန်းပြားပြား မဟုတ်၊ ထူးထူးထွေထွေဟုလည်းမဆိုနိုင်၊ ထေရဝါဒ သမိုင်းစဉ်တွင် ထင်ရှားရှိနေသည့် သုံးသွယ် ပိဋကတ် ငါးရပ်နိကာယ်များသာ ဖြစ်ပါသည်။ ယင်း တရားတော်များကား သိမ်မွေ့၍ ခက်ခဲနက်နဲပါသည်။ ဆန်းကြယ်သောနည်းတို့ဖြင့်ခြံရံကာ ပိဋကတ်သမုဒ်ပင်လယ်ဝယ် အပြောကျယ်လှပါသည်၊သာမန်လူများ အသိဉာဏ်ကျက်စားရာမဟုတ်၊ လျှို့ဝှက်တိမ်မြုပ်ရကား အငြင်းပွားဖွယ် သံသယပင်လယ်တွင် ခမ္ဘာပါဖွယ် ကောင်းလှပါသည်။

သို့ရာတွင် သဲကုန်းဆရာတော်ကမူ တရားဒေသနာတော်များကို သိလွယ်မြင်လွယ်အောင် တရားနာပရိသတ်အား ဟောကြားတော်မူနိုင်စွမ်း ရှိပါသည်။ တရားနာပရိသတ်များ တွေဝေမှုကင်းပလျက် ထင်ထင်ရှားရှား သဘောပေါက် နားလည်နိုင်အောင် ရှင်းလင်းဟောကြားတော်မူနိုင်ပါပေသည်။ သို့ဆိုလျှင် စာဖတ်သူအနေဖြင့် သဲကုန်းဆရာတော်၏ ဓမ္မကထိကသာသနာပြု လုပ်ငန်း အတိမ်အနက်ကို တိုင်းတာချင့်ချိန် နိုင်လောက်ပြီထင်ပါသည်။

ဗုဒ္ဓမြတ်စွာဘုရားက ယင်းအကြောင်းနှင့်စပ်၍ ဓမ္မကထိကအင်္ဂါ(၅)ပါးကို အင်္ဂုတ္တိုရ်ပါဠိတော်တွင် အောက်ပါအတိုင်း ဟောကြားတော်မူပါသည်။

"အာနန္ဒာ....သူတပါးတို့အား တရားဟောရန် မလွယ်ဘူး အာနန္ဒာ....သူတပါးတို့အား တရားဟောလိုသူသည် တရားငါးမျိုးတို့ကို မိမိသန္တာန်၌ဖြစ်စေ၍ ဟောကြားရမည်။ ၎င်းတို့မှာ....

(၁) အစဉ်အတိုင်းဖြစ်သောတရားစကားကို ဟောမည်ဟု နှလုံးပြုလျက် သူတပါးတို့အား ဟောရမည်။
(၂) အကျိုးအားလျော်သော အကြောင်းကိုပြလျက် တရားစကားကို ဟောရမည်။
(၃) အစဉ်သနားခြင်းကို အစွဲပြု၍ တရားစကားကို ဟောရမည်။
(၄) အာမိသကို မငဲ့ကွက်သောစိတ်ရှိသည်ဖြစ်၍ တရားစကားကို ဟောရမည်။

(၅) မိမိကိုယ်ကိုလည်းကောင်း၊ သူတပါးကိုလည်းကောင်း၊ မထိပါးမပုတ်ခတ်မူ၍ တရားစကားကို ဟောရမည်.... တို့ ဖြစ်ပါသည်။

ဤပေါ်ပြပါ ဗုဒ္ဓမြတ်စွာ၏အလိုတော်ကျ ဓမ္မကထိကအင်္ဂါ (၅)ချက်ကို အခြေပြုစွဲကိုင်လျက် သဲကုန်းဆရာတော်၏ တရားဟောကြားမှုလုပ်ငန်းအပေါ် အကဲဖြတ်၍ ဝေဖန်နိုင်ပါသည်။ ကောက်ချက်ချ၍ ဆန်းစစ်နိုင်ပါသည်။ ဤကား ကျွန်ုပ်၏ အမြင်တည်း။ စာဖတ်သူ မည်သို့ သဘောရပါသနည်း။

## အကြောင်းအရာရွေးချယ်မှု

သဲကုန်းဆရာတော် ဟောကြားတော်မူသည့် တရားတော်များနှင့်စပ်၍ သတိပြုမိသည့်အချက်တရပ်ရှိပါသည်။ ဆရာတော်သည် တရားဟောကြားရာနေရာနှင့် ဟောကြားသည့်အကြောင်းအရာ ရွေးချယ်မှုကို အလေးထားပုံရပါသည်။ နေရာအလိုက် တရားနာပရိသတ် အများစုသဘောကို ခြုံငုံမိအောင် ခေါင်းစဉ်ကို ရွေးချယ်ဟောကြားတတ်ပါသည်။ ဒေသဖြစ်အပျက်နှင့် တိုက်ဆိုင် ညီညွတ်သည့် အကြောင်းအရာကိုသာ ရွေးချယ်၍ အံဝင်ဂွင်ကျအောင် စီစဉ်တော်မူတတ်ပါသည်။ လာရောက် တရားနာယူမည့် ပရိသတ်များ၏စရိုက်နှင့်လျော်မည့် အကြောင်းအရာတို့ကိုရွေးချယ်၍ ဝန်နှင့်အား မြှားနှင့် လေးကို ချင့်တွေးနှိုင်းဆတတ်ပါသည်။ ပတ်ဝန်းကျင်ကို အကဲခတ်တတ်သော ဉာဏ်ရည်ဉာဏ်သွေး ပြည့်စုံသည်ဟုလည်း ခေါ်ဆိုနိုင်ပါသည်။

မှန်ပါသည်။ သဲကုန်းဆရာတော်သည် ရန်ကုန်တက္ကသိုလ် ဓမ္မာရုံတွင် "နိယာမဘရားငါးပါး နှင့် အနတ္တတရားတော်" ကိုလည်းကောင်း၊ မဟာဝိဇယစေတီတော်မြတ်ပူဇော်သည့် ဓမ္မသဘင်တွင် "ဓာတုဝိဘင်္ဂန သုတ္တန်တရားတော်" ကိုလည်းကောင်း ရွေးချယ်ဟောကြားတော်မူခဲ့ပါသည်။ အနာ နှင့် ဆေး တည့် အောင်ပေး၍ လျော်ရာအမြိုက်ရေအေးကို တိုက်ကျွေးတော်မူသည်ဟု ထင်မိပါသည်။

ယခုလည်း ကြည့်ပါဦး။ ရန်ကုန်မြို့ သိမ်ဖြူလမ်း မြန်မာနိုင်ငံဆရာဝန်များ အသင်းတိုက်တွင် "သင်္ခတ နှင့် အသင်္ခတတရားတော်" ကို ဟောကြားတော်မူပြန်ပါပြီ။ ခေတ်သစ်သိပ္ပံပညာရှင် ဆရာဝန်တို့စုဝေးရာနေရာ၌ ဤတရားတော်ကို အဘယ်ကြောင့် ဟောကြားတော်မူပါသနည်း။ ဆရာတော်၏ ဉာဏ်အမြင်ကို သိမြင်နိုင်ကောင်းပါသည်။ ကို...စာရှုသူ အသင်လည်း သိချင်ပေလိမ့်မည်။ သို့ဖြစ်လျှင် "သင်္ခတ နှင့် အသင်္ခတတရားတော်" ကို ဖတ်ဖြစ်အောင်ဖတ်စမ်းပါဟု တိုက်တွန်းလိုက်ရပါသည်။

ပန္နက်ရိုက်၍ အကွက်ဆင်ခြင်း

"သင်္ခတနှင့် အသင်္ခတ တရားတော်"သည် အင်္ဂုတ္တိုရ်လာ သင်္ခတလက္ခဏာသုတ်နှင့် အသင်္ခတလက္ခဏာသုတ်များကို အခြေခံထားသည်။ မူရင်း ပါဠိတော်တွင် ယင်းသုတ်တို့ကို ရိုးရိုးကလေးနှင့် ကျဉ်းကျဉ်းသာ ဖော်ပြ၍ အဋ္ဌကထာဆရာကလည်း

ထို့အတူပင် အနည်းငယ်မျှသာ ဖွင့်ဆိုပါသည်။ သာမန်လူများ သိရှိနားလည်ရန် ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား မရှိလှပါ။ ကျယ်ဝှက်တိမ်မြုပ်သော အနက်သဘောကို ဆောင်နေပါသည်။ သို့သော် ကိစ္စမရှိပါ။ သံကုန်းဆရာတော်သည် တရားနာပရိသတ် လွယ်လွယ်ကူကူ နားလည်စေရန် ဖန်တီးတတ်ပါသည်။ ရှင်းလင်းတတ်ပါသည်။

ဤ၌ သံကုန်းဆရာတော်သည် မိမိဟောလိုသော သင်္ခတနှင့် အသင်္ခတတရားများကို တိုက်ရိုက်ဖော်မပြပါ။ ဒကာဒကာမတို့၏ ပစ္စယဒါန အာမိသဒါနနှင့် မိမိ၏ ဓမ္မဒါနများ၏ ရည်ရွယ်ချက်ကား သင်္ခတလောကမှ ထွက်ပြီး အသင်္ခတနိဗ္ဗာန်အတွက်ဖြစ်သည်ဟု တရားနာပရိသတ်အား စိတ်ဝင်စားအောင် အစပျိုးကာ ပန္နက်ရိုက်၍ အကွက်ဆင်ပါသည်။ တဖန် သင်္ခတ အသင်္ခတတို့၏ သဘောလက္ခဏာ၊ သရုပ်သကန် စသည်တို့ကို ပါဠိတော်နှင့် အဋ္ဌကထာလာအတိုင်း အရိုးကို အရွက်မဖုံးစေပဲ ကျမ်းရင်းအဓိပ္ပာယ်ကို ဖော်ပြပါသည်။ တရားကိုယ် သဘောတရားတို့ကို ရှင်းပြရာ၌ သံကုန်းဆရာတော်သည် တခါတရံ တရားနာ ပရိသတ်နှင့် အမေးအဖြေ ပြုလုပ်နည်းကို အသုံးပြုပါသည်။ တခါတရံ မိမိကပင် ကွက်တိရှင်းပြတတ်ပါသည်။ လိုအပ်သော အနေအထားအရောက် တရားနာ ပရိသတ်အား ဆွဲဆောင်နိုင်ကာ တရားနာ ပရိသတ် မငြီးငွေ့စေရန်၊ ရှင်းလင်းပြတ်သားစွာ နားလည်စေရန် နည်းဗျူဟာ အမျိုးမျိုးဖြင့် ကြိုးစားတော်မူပါသည်။

ချဲ့ထွင်မှုများ–

နောက်တခု ဆိုရန် ရှိပါသေးသည်။ သဲကုန်းဆရာတော် ဟောကြားအပ်သော တရားတော်များတွင် လိုအပ်သော ချဲ့ထွင်မှုကလေးများ၊ အဆာသွတ်မှုကလေးများကို ကြားနာနိုင်ပါသည်။ "သစ်တနှင့်အသစ်တတရားတော်"တွင် စက္ခုဝိညာဏ်စိတ်ဖြစ်ပေါ်ရန် အကြောင်းတရားများ၊ အဋ္ဌကလာပ် ရုပ်ကြီးရှစ်ပါး စသည့် အဘိဓမ္မာသဘောတရားများကို ထည့်သွင်း၍ အကျယ်ချဲ့ ဟောကြားတော်မူပါသည်။

ဤတရားများကို ရှင်းလင်းဟောပြရာ၌ လောကဥပမာ ယုတ္တိသာဓကများဖြင့် မှတ်သားစဖွယ် မိန့်ကြားတော်မူရကား တရားနာပရိသတ်များအဖို့ နှလုံးပီတိ ဂွမ်းဆီထိမျှ နှစ်သိမ့်ကြည်နူး ဘဝင်မြူးရပါသည်။ သဲကုန်းဆရာတော်က "နိဗ္ဗာန်သည် ကိုယ်ထဲမှာ မရှိဘူးလို့ မှတ်ထား၊ အဲဒီ နိဗ္ဗာန် ကိုယ်ထဲရှိတယ်၊ သူဟာသူရှိပြီးသား၊ ဒီအတိုင်းထားဆိုတဲ့ပုဂ္ဂိုလ်တွေ ဘုန်းကြီးတို့ပရိသတ်များ အဲဒါ ပါဠိတော်နှင့် မညီဘူးနော်" ဟု ထေရဝါဒ ပိဋကတ်တော်နှင့် မလျော်သည်တို့ကိုလည်း ထောက်ပြ၍ ဝေဖန်တတ်ပါသည်။

သဲကုန်းဆရာတော်ကား ဂန္ထန္တရ ဗဟုသုတရှိ၍ လောကသဘာဝ အမြင်အကြားလည်း ပြည့်စုံလှပေသည်။ ထို့ကြောင့် ဆရာတော်ဟောကြားအပ်သော တရားတော်များသည် တရားနာ ပရိသတ်များအဖို့ "မွှေးရနံ့တွင်ဖြင့်၊ တွေးအံ့စဖွယ် ဖန်ဖန်ကြူ၍၊ တရုံရှူ ဘဝင်တွင်းမှာလ၊ စံမတူ သွင်သွင်ချင်းလို့ရယ်၊ သင်းပျံ့တာရှည်" နေမည်မှာ ယုံမှားစရာ မဟုတ်ပါပေ။

**တိုက်တွန်းချက်—**

"စိတ်ကို အသိဉာဏ်က အုပ်စိုး၏၊ အသိဉာဏ်ကို ဗဟုသုတက အုပ်စိုး၏၊ ဗဟုသုတကို စာပေက အုပ်စိုး၏" ဟု ပညာရှိတဦးက ဆိုဖူးပါသည်။ ထို့ပြင် "စာပေစကား၊ နေ့တိုင်းကြားက၊ ထူးခြားလိမ္မာ ရှိသည်မှာ" ဓမ္မတာတရပ် ဖြစ်ပါသည်။ လောကသံသရာ ကျိုးနှစ်ဖြာအတွက် အသင် စာဖတ်သူအား ဤ "သခ်ိတနှင့် အသခ်ိတ တရားတော်" စာအုပ်ကို ဖတ်စမ်းပါဟု တိုက်တွန်းချက် နိဂုံးကမွတ် အပြီးသတ်လိုက်ရပါတော့သတည်း။

ဦးတင့်ဝေ (ဓမ္မာစရိယ–ဘိအေ)
လက်ထောက်ကျမ်းပြုမှူး
ကျမ်းပြုဌာနစု၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေး။

## " မှတ်တမ်း တင်ပါရစေ "

ဤ "သင်္ခတ အသင်္ခတ သုတ္တန်တရားတော်" စာအုပ် ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ အားပေး တိုက်တွန်းကြသော ရဟန်းရှင်လူ ပုဂ္ဂိုလ်များနှင့်တကွ....

အထူးသဖြင့် ဤစာအုပ်အတွက် ကုန်ကျသော ပစ္စယာနုဂ္ဂဟတာဝန်ကို သဒ္ဓါရှင်လန်းစွာယူလျက် ထောက်ပံ့ ကူညီသော ဦးကျော်ခင်မြင့်-ဒေါ်ခင်ခင်စိန်မိသားစု၊ အမှတ် ၁၃၄၊ ရွှေဘုံသာလမ်း၊ ရန်ကုန်မြို့အား လည်းကောင်း....

ဤစာအုပ် ဖြစ်ပေါ်လာရန် ကူညီ ဆောင်ရွက်ပေးသော ဦးသာကျော်၊ ဓမ္မတေးဝိဇ္ဇာမိသားစု အသံသွင်းဌာန၊ အမှတ် ၁၀၂၊ မောင်ထော်လေးလမ်း၊ ရန်ကုန်မြို့အားလည်းကောင်း....

ဤစာအုပ်တွင် နိဒါန်းအမှာစာ ရေးသား ကူညီပေးသော ဦးတင့်ဝေ၊ (ဓမ္မာစရိယ-ဘီအေ)၊ လက်ထောက် ကျမ်းပြုမှူး၊ ကျမ်းပြုဌာနစု၊ သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးအားလည်းကောင်း...

သဲကုန်းသရာတော် အရှင်ဉာဏိဿရကိုယ်စား ကျေးဇူးဥပကာရ အဟူးတင်ရှိပါကြောင်း။


အရှင် သစ္စာဝံသ (ဓမ္မာစရိယ), *B . Sc*

မိုးညှင်းစံကျောင်း

ဒရှေပိန္နဲကုန်းတိုက်၊ ကန်တော်ကလေး

မန္တလေးလမ်း၊ ရန်ကုန်မြို့။

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ပဏာမ | ၁၇ |
| ၂။ | ဘုရားရှိခိုး | ၁၇ |
| ၃။ | ဒါန ၂-မျိုး | ၁၉ |
| ၄။ | တခုတည်းသောရည်ရွယ်ချက် | ၂၀ |
| ၅။ | ကိလေသာကိုလဲ စွန့်ကြပါ | ၂၂ |
| ၆။ | စွန့်ခြင်းကြီး ၅-မျိုး | ၂၃ |
| ၇။ | ကိလေသာရဲ့အာရုံသည် ပညတ် | ၂၅ |
| ၈။ | ဝိပဿနာနဲ့ မဂ်ဖိုလ်တို့ရဲ့အာရုံ | ၂၆ |
| ၉။ | ဝိပဿနာဉာဏ် ပေါ်လာတဲ့အချိန် | ၂၇ |
| ၁၀။ | ကိလေသာပြန်ဝင်လာခွင့်မရအောင် | ၂၈ |
| ၁၁။ | ကိလေသာကုန်သွားတဲ့အချိန် | ၂၉ |
| ၁၂။ | ကိလေသာကို ပယ်ခွာနိုင်ဖို့ | ၃၁ |
| ၁၃။ | ပရမတ္ထတရားပေါ်လာအောင် ပညတ်ကိုဖယ် | ၃၃ |
| ၁၄။ | သင်္ခတရဲ့လက္ခဏာ | ၃၄ |
| ၁၅။ | သာဝတ္ထိပြည်မှန် ဇေတဝန်မှာ | ၃၅ |
| ၁၆။ | သင်္ခတနဲ့ အသင်္ခတဆိုတာ | ၃၇ |
| ၁၇။ | သင်္ခတရဲ့လက္ခဏာ ၃-ချက် | ၄၀ |
| ၁၈။ | သင်္ခတနဲ့ အသင်္ခတ ကွာခြားချက် | ၄၁ |
| ၁၉။ | မြင်တယ်ဆိုတဲ့နေရာမှာ | ၄၂ |
| ၂၀။ | ဝေဒနာ ဘာ့ကြောင့်ဖြစ် | ၄၄ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၁။ | စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ်ဖို့ရန်အကြောင်း တရားများ | ၄၆ |
| ၂၂။ | ရုပ်ဇီဝိတတရား | ၄၈ |
| ၂၃။ | ဝိညာဏ်တလုံးပေါ်ဖို့ရန်အကြောင်းတရားများ | ၄၉ |
| ၂၄။ | အနီးကပ်ပြီးထောက်ပံ့နေမှု | ၅၁ |
| ၂၅။ | ဓာတ်ကြီးလေးပါးသဘောလက္ခဏာ | ၅၃ |
| ၂၆။ | ဇီဝိတရဲ့လက္ခဏာ | ၅၅ |
| ၂၇။ | အကြောင်းတရားတခု ပျက်ပြီးယင် | ၅၇ |
| ၂၈။ | ဥပ္ပါဒ ဘာကြောင့်ဖြစ် | ၅၈ |
| ၂၉။ | သမ နဲ့ အနုရောမ | ၅၉ |
| ၃၀။ | ဝိသမ နဲ့ ဝိရောမ | ၆၁ |
| ၃၁။ | သီတဂူဆိုတာကတော့ | ၆၂ |
| ၃၂။ | ဗုဒ္ဓပြောတဲ့ ပါရဂူဆိုတာ | ၆၃ |
| ၃၃။ | ပါရဂူဘွဲ့(၅)မျိုး | ၆၄ |
| ၃၄။ | ပါရဂူဘွဲ့ ဘယ်တက္ကသိုလ်မှာ သွားယူမလဲ | ၆၆ |
| ၃၅။ | ပါရဂူဘွဲ့ ရယူလိုသူများအတွက် | ၆၈ |
| ၃၆။ | သင်္ခတရဲ့လက္ခဏာ(၃)ချက် မိအောင်ဖမ်း | ၆၉ |
| ၃၇။ | အသင်္ခတရဲ့သဘော | ၇၁ |
| ၃၈။ | အသင်္ခတဆိုတာ ဘာလဲ | ၇၃ |
| ၃၉။ | ကိလေသာ နဲ့ နီဝရဏတွေကို ဖယ်ရှား | ၇၄ |
| ၄၀။ | အသင်္ခတနိဗ္ဗာန်ဆိုတာ | ၇၆ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၁။ | နိဗ္ဗာန်ရဲ့ဂုဏ်ပုဒ်တွေ | ၇၈ |
| ၄၂။ | အဆင့်အတန်းမြင့်တဲ့ စိတ်(၂)လုံး | ၈၀ |
| ၄၃။ | ဒီ စိတ်(၃)မျိုးပဲ မှတ်ထားပါ | ၈၂ |
| ၄၄။ | အသင်္ခတနိဗ္ဗာန်ရဲ့သဘော | ၈၃ |
| ၄၅။ | အသင်္ခတ လက္ခဏာ(၃)ချက် | ၈၅ |
| ၄၆။ | နိဗ္ဗာန်ဆိုတာ အဝေးကြီးမှာလား | ၈၆ |
| ၄၇။ | သဘောလက္ခဏာကွာခြားမှု | ၈၇ |
| ၄၈။ | မှတ်မိအောင် ထပ်ပြောပါ့မယ် | ၈၈ |
| ၄၉။ | တပ်မကြီး(၁၀)ခု | ၉၀ |
| ၅၀။ | ကိလေသာမှူးတိမ်တွေကင်းသွားတဲ့အခါ | ၉၁ |
| ၅၁။ | ပါရဂူဘွဲ့ထူးတွေ ဆွတ်ခူးနိုင်ကြပါစေ | ၉၃ |
| ၅၂။ | တရားသိမ်းနိဂုံးဆုတောင်း | ၉၄ |

## ပဏာမ

၁၃၄၂-ခု၊ တပို့တွဲလဆုတ် ၁၀ ရက် တနင်္ဂနွေနေ့ နေ့လည် ၂ နာရီအချိန်၊ ရန်ကုန်မြို့, သိမ်ဖြူလမ်း၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းတိုက်တွင် မန္တလေးမြို့ မလွန်ဈေး ဆန်လှူအသင်းကြီး၏ ဆန်လှူအသင်းထောက်မှ ကြီးမှူးကျင်းပသည့် ဆန်လှူရေစက်ချ ဓမ္မသဘင်၌ ဟောကြားအပ်သော အင်္ဂုတ္တရနိကာယ် စူဠဝဂ်၌ လာရှိသော "သင်္ခတလက္ခဏသုတ္တန်" နှင့် "အသင်္ခတလက္ခဏသုတ္တန်" တရားတော်။

## ဘုရားရှိခိုး

တရားတော်ကို မဟောကြားသေးမီ မနာကြားသေးမီ ထိုတရားပိုင်ရှင် ဖြစ်တော်မူသော သဗ္ဗညုမြတ်စွာဘုရားအား ရှိသေစွာ လက်အုပ်ချီမိုး ရှိခိုးကြရအောင်—

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။
ဓမ္မော လောကေ သမုပ္ပန္နော၊ သုခါယ သဗ္ဗပါဏိနံ။
သံဃော လောကေ သမုပ္ပန္နော၊ ပုညက္ခေတ္တံ အနုတ္တရံ။
ဧတေန သစ္စဝဇ္ဇေန၊ သုခိတာ ဟောန္တု သာဓဝေါ။

ဗုဒ္ဓေါ၊ အရဟံတဆူ သယမ္ဘူဂိုဏ်း တုနှိုင်းမမြင် ဂေါတမဘုရားရှင်သည်။ သဗ္ဗပါဏိနံ၊ ခပ်သိမ်းများစွာ သတ္တဝါအပေါင်းတို့၏။ ဟိတာယ၊ လောကီလောကုတ္တရာ နှစ်ဖြာသော အစီး

အပွားအလို့ငှာ။ လောကေ၊ လူ့ပြည်နတ်ရပ် လောကဓာတ်အတွင်း၌။ သမုပ္ပန္နော၊ ကောင်းစွာမသွေ ပွင့်ထွန်းပေါ်ပေါက်တော်မူခဲ့ပါပေ၏။

ဓမ္မော၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ်ဟုဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်သည်။ သဗ္ဗပါဏိနံ၊ ခပ်သိမ်းများစွာ သတ္တဝါအပေါင်းတို့၏။ သုခါယ၊ လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာအလို့ငှာ။ လောကေ၊ လူ့ပြည်နတ်ရပ် လောကဓာတ်အတွင်း၌။ သမုပ္ပန္နော၊ ကောင်းစွာမသွေ ဖြစ်ထွန်းပေါ်ပေါက်တော်မူခဲ့ပါပေ၏။

သံဃော၊ မဂ္ဂဋ္ဌာန်လေးယောက် ဖလဋ္ဌာန်လေးယောက်ဟု ဆိုအပ်သော ရှစ်ယောက်သော အရိယာသံဃာတော်အပေါင်းနှင့် တကွ အလုံးစုံသော သမ္မုတိသံဃာတော်အပေါင်းသည်။ သဗ္ဗပါဏိနံ၊ ခပ်သိမ်းများစွာ သတ္တဝါအပေါင်းတို့၏။ အနုတ္တရံ၊ အတုမရှိ မြတ်လှစွာသော။ ပုညက္ခေတ္တံ၊ ကောင်းမှုမျိုးစေ့တို့၏ စိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်းသဖွယ် အလို့ငှာ။ လောကေ၊ လူ့ပြည်နတ်ရပ် လောကဓာတ်တခုအတွင်း၌။ သမုပ္ပန္နော၊ ကောင်းစွာမသွေ ပွင့်ထွန်းပေါ်ပေါက်တော်မူခဲ့ပါပေ၏။

ဒေဝေန သစ္စဝဇ္ဇေန၊ ဤသို့နတ်သံ ဖော်ထုတ်ပြန်၍ ဟုတ်မှန်သော သစ္စာစကားကို ပြောဆိုရလေသောကြောင့်။ သာဓဝေါ၊ တရားချစ်ခင် စိတ်ကောင်းဝင်ကြကုန်သော သူတော်စင်ရှိသတ်အပေါင်းတို့သည်။ သုခိတာ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

နိဒ္ဒုက္ခာ စ၊ ဆင်းရဲခပ်သိမ်းမှလည်း ကင်းငြိမ်းကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ နိဗ္ဘယာ စ၊ ဘေးရန်ခပ်သိမ်းမှလည်း ကင်းငြိမ်းကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ အသောကာ စ၊ မညှိုးမမှိန် တန်ခိုးရှိန်၍ စိုးရိမ်မနှောင့် ကြောင့်ကြပူဆွေး ငိုကြွေးခြင်းမှလည်း ကင်းဝေးကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

ဟောန္တု၊ ယခုဆိုအပ်သော သစ္စာစကားနှင့် ပို့လွှတ်အပ်သော မေတ္တာဓာတ် အရှိန်အဝါကြောင့် အချိန်မကြာ ကိုယ်စီကိုယ်ငှ ဖြစ်တော်မူကြပါစေကုန်သတည်း။

"သာဓု....သာဓု....သာဓုပါဘုရား။"

## ဒါန ၂-မျိုး

မြန်မာနိုင်ငံ ဆရာဝန်များအသင်း ဗုဒ္ဓဘာသာ အဖွဲ့ငယ်မှ ဆင်ယင်ကျင်းပသည့် ဆွမ်းဆန်တော်ဓမ္မသဘင်သည် ယခုအခါ နှစ်ကြိမ်မြောက် ဖြစ်သွားပြီ။ ယမန်နှစ်က ဘုန်းကြီးတို့တကြိမ် ညနေခင်း ဆွမ်းဆန်တော်ရေစက်ချ တရားပွဲ ဤဓမ္မပလ္လင်၌ ဤပရိသတ်အပေါင်း သူတော်ကောင်းတို့အား "ဇီဝကသုတ္တန်" ဖြင့် ဘုန်းကြီးတို့ ဓမ္မအလှူပေးဝေခဲ့ဖူးပြီ။

ယခုအခါ မြန်မာနိုင်ငံဆရာဝန်များအသင်း ဗုဒ္ဓဘာသာအဖွဲ့ငယ်က စစ်ကိုင်း မင်းကွန်း မင်းဝံ တောင်တန်းသုံးရပ် ဝါကပ်တော်မူကြကုန်သော ရဟန်း, သာမဏေ, သူတော်, သီလရှင်, ချောင်ပေါင်း ၆၁၅ ချောင်မှာ ရဟန်း, သာမဏေ, သူတော်,

သီလရှင် ၅၆၇၂ ပါးတို့အတွက်, ဆွမ်းပစ္စည်းဖြင့် ထောက်ပံ့လှူဒါန်းကြရာမှာ ဆွမ်းဆန်တော်တင်းပေါင်း ၁၀၀။

စစ်ကိုင်းတောင်တနို ဝါဆိုလျက် မူရနှစ်ဖြာ သာသနာအလုပ် အားထုတ်ဘော်မူကြကုန်သော သံဃာတော် အရှင်မြတ်တို့နှင့် သာမဏေ သီလရှင်အပေါင်းတို့ သောက်ရေ သုံးရေ ဆေးကြောရေဖြင့် မငြိုလန်းဖြာ ကျန်းမာဖို့ရန် "ပါနီယဒါန" မြတ်ပုညကိုလဲပဲ ကောင်းမှုရှင်ပေါင်း ၆-ဦးတို့က သီတဂူ ရေလှူကောင်းမှုဆိုပြီးတော့ ပေါင်းစု၍ ပြုကြရာမှာ....

(၁) ဆွမ်းဆန်တော်ဒါန

(၂) ရေဒါန

ဒါနမှု နှစ်ခု....ပစ္စယဒါန, အာမိသဒါန

ဆိုတဲ့ ဤဒါနမှုနှစ်ခု ကျော့ရှန်ကြသည့် ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့အတွက် ဘုန်းကြီးတို့က ယခုအခါ "မေ့ဒါန–တရားဒါနလှူ"ကို ပေးဝေရမယ်။

## တခုတည်းသော ရည်ရွယ်ချက်

ပစ္စည်းပေးလှူသည့် ဒါယကာ ဒါယိကာမတို့က ဘာရည်ရွယ်တုံး၊ တရားပေးလှူသည့် ဘုန်းကြီးတို့ဘက်ကလဲ ဘာကို ရည်ရွယ်တုံး၊ ရည်ရွယ်ချက်ဟာ တခုတည်းပဲ၊ တခုတည်းသော ရည်ရွယ်ချက်က ဘာလဲ။

ပစ္စည်းပေးလှူငဲ့ ပုဂ္ဂိုလ်များဘက်ကလဲ ဟောဒီ သခ်တလောကကြီးက ကျက်ပြီးတော့ အသခ်တနိဗ္ဗာန်အတွက်၊ တရားပေးလှူသည့် ဘုန်းကြီးတို့ဘက်ကလဲ သခ်တလောကထဲက

ထွက်ပြီးတော့ အသခ်တနိဗ္ဗာန် အတွက် ရည်မှန်း ချက် သည်း အားလုံး တခုတည်းပဲ။

ပေးလှူမှု ထောက်ပံ့မှု အခြေခံမှာ ကွဲကြပေမယ့် ရည်ရွယ်ချက်သည် တခုတည်းပဲ။ ဒါကို ဘုရားရှင် ကိုယ်တော်မြတ်က ဗဟုကာရသုတ္တန်မှာ ဟောထားတယ်။

သာဂါရာ အနာဂါရာ စ၊ ဥဘော အညောညနိဿိတာ။
အာရာဓယန္တိ သဒ္ဓမ္မံ၊ ယောဂက္ခေမ မနုတ္တရံ။

သာဂါရာ စ၊ အိမ်ရာတည်ထောင် လူ တို့ ဘောင်က ခေါင်းဆောင်ရှေ့သွား သာသနာတော်ကြီးကိုပစ္စည်းဖြင့် ပေးလှူ ထောက်ပံ့တော်မူကြသည့် ဒါယကာ ဒါယိကာမအများတို့သည် လည်းကောင်း။ အနာဂါရာ စ၊ အိမ်ရာမထောင် သာသနာ့ ဘောင်က ခေါင်းဆောင်ရှေ့သွား ဒါယကာ ဒါယိကာမ အပေါင်း သူတော်ကောင်းတို့အား တရားဖြင့် ချီး မြှောက် ထောက်ပံ့တော်မူကြသည့် ဆရာတော် သံဃာတော်များတို့သည် လည်းကောင်း။

ဥဘော၊ ပစ္စည်းထောက်သူ တရားထောက်သူ ဆရာဒကာ ဤနှစ်ဦးသောလူတို့သည် (ဝါ) နှစ်ဦးသားတို့သည်။ အညောည နိဿိတာ၊ ကိုင်းကိုကျွန်းမှီ ကျွန်းကိုကိုင်းမှီ ပမာမယွင်း အချင်းချင်း ပစ္စည်းက တရားကိုမှီ တရားက ပစ္စည်းကိုမှီ ဤကဲ့သို့ အချင်းချင်း မှီခိုကြရကုန်သည်ဖြစ်၍။

အနုတ္တရံ၊ အတုမရှိ မြတ်လှစွာသော။ ယောဂက္ခေမံ၊ ယောဂ လေးဖြာ ကုန်ဆုံးရာဖြစ်ပေသော။ သဒ္ဓမ္မံ၊ ပရိယတ္တိသဒ္ဓမ္မ ပဋိ ပတ္တိသဒ္ဓမ္မ ပဋိဝေဓသဒ္ဓမ္မဟုဆိုရသော သဒ္ဓမ္မသုံးဖြာ သာသနာ

တော်မြတ်ကြီးကို။ အာရာဒယန္တိ၊ ကောင်းစွာမသွေ ပြီးပြည့်စုံနိုင်ကြလေကုန်သတည်း။

"သာဓု....သာဓု....သာဓုပါဘုရား။"

လုပ်ငန်းရဲ့ ရည်ရွယ်ချက်၊ ငါတို့ ပစ္စည်းထောက်သည်ကား ဘာရည်ရွယ်ချက်လဲ၊ ဘုန်းကြီးတို့ဘက်က တရားဖြင့် ပြန်လည်ချီးမြှောက်ထောက်ပံ့သည်ကား ဘာရည်ရွယ်ချက်လဲ။ ရည်ရွယ်ချက်ကို ဘုန်းကြီးတို့ ပြောလိုက်တော့....

(၁) ယောဂလေးဖြာ
(၂) ဩဃလေးဖြာ
(၃) ဂန္ထလေးဖြာ

တို့ရဲ့ကုန်ရာ အသင်္ခတနိဗ္ဗာန်အတွက်လို့ ဘုန်းကြီးတို့ ဒီလို ရည်မှန်းချက်ကို ဦးတည်လိုက်ပါတယ်။

## ကိလေသာကိုလဲ စွန့်ကြပါ

အသင်္ခတနိဗ္ဗာန်အတွက်ဆိုယင် ထိုအသင်္ခတရဲ့ ဆန့်ကျင်ဘက်သည် သင်္ခတဖြစ်ပါတယ်၊ အသင်္ခတရဲ့ ဆန့်ကျင်ဘက်သည် သင်္ခတ၊ အသင်္ခတကို လိုချင်လို့ တပည့်တော်တို့ ပစ္စည်းတွေကို စွန့်ပါတယ်၊ ပေးပါတယ်၊ လှူပါတယ်၊ အသင်္ခတလိုချင်တဲ့ ပုဂ္ဂိုလ်တွေအပိုင်းက ပစ္စည်းကို ပေးကြ စွန့်ကြတယ်။

ပစ္စည်းပေးစွန့်တဲ့ နေရာမှာ ပစ္စည်းနဲ့ ပတ်သက်နေတဲ့ ကိလေသာကိုပါစွန့်မှ အသင်္ခတကို ရမယ်၊ ပစ္စည်းပေါ်မှာ ရောက်ရှိနေသော ကိလေသာတွေကိုပါစွန့်မှ ပစ္စည်းကို စွန့်ရုံနဲ့ မပြီးကြဘူး၊ ကိလေသာကိုလဲ စွန့်ရမယ်။

"ပရိသတ်များ ဘာကိုလဲ စွန့်ရဦးမှာလဲ"

"ကိလေသာကိုလဲ စွန့်ရမှာပါဘုရား"

အေး....အဲဒါကို အဓိကထားပြီးတော့ စိတ်မှာစွဲထားရမယ်၊ ပစ္စည်းကို ပေးစွန့်ရုံနဲ့ မပြီးကြဘူး။ ကိလေသာကိုလဲ စွန့်မှ အသစ္စာကို ရပါတယ်လို့ မှတ်။

ဘုရားအလောင်းတော်ကြီးများ အသစ္စာကို ရသွားတယ် ဆိုတာ ပစ္စည်းတွေကို စွန့်ရုံနဲ့ မပြီးသေးဘူးနော်၊ ကိလေသာ တွေကိုပါ စွန့်လို့ ရသွားတယ်ဆိုတာကို ပရိသတ်များ နားလည် ပြီးသား ဖြစ်ပါလိမ့်မယ်။

နားလည်ပြီးယင် ပိုပြီးတော့ စွဲအောင် မှတ်သားကြပါ၊ ပစ္စည်းတွေစွန့်၊သားတွေစွန့်၊သမီးစွန့်၊ ဇနီးစွန့်၊ ထီးစွန့်၊ နန်းစွန့် တာကို....စာဂ ။

ဘုန်းကြီးတို့ ပရိသတ်အပေါင်း သူတော်ကောင်းတို့ ကြား ဖူးထားကြတယ် မဟုတ်လား၊ စွန့်ခြင်းကြီး ၅-ပါး။

"ဘာတဲ့...."

"စွန့်ခြင်းကြီး ငါးပါးပါဘုရား"

"အေး....ဟုတ်ပြီ"

## စွန့်ခြင်းကြီး ၅-မျိုး

| | | | |
|---|---|---|---|
| ၁။ | ဓနပရိစ္စာဂ | — | ပစ္စည်းတွေကို စွန့်တယ် |
| ၂။ | ပုတ္တပရိစ္စာဂ | — | သားသမီးကို စွန့်တယ် |
| ၃။ | ဘရိယာပရိစ္စာဂ | — | ဇနီးကို စွန့်တယ် |
| ၄။ | အင်္ဂပရိစ္စာဂ | — | အင်္ဂါကြီးငယ်ကို စွန့်တယ် |

၅။ ဇီဝိတပရိစ္စာဂ – အသက်နဲ့ခန္ဓာကို စွန့်တယ်

မနပရိစ္စာဂ– ဥစ္စာပစ္စည်း ထီးနန်းနဲ့တကွ တိုင်းပြည်ကို စွန့်တယ်။

ပုတ္တာပရိစ္စာဂ–ရင်ကမွေးတဲ့ ရင်သွေးလို့ဆိုတဲ့ သားနဲ့သမီးတွေကို စွန့်တယ်။

ဘရိယာပရိစ္စာဂ–တကျာပေမနဲ့ အလွန်တရာ ချစ်ခင်ပြီးတော့နေတဲ့ ဇနီးမယားကို စွန့်တယ်။

အင်္ဂပရိစ္စာဂ–ခန္ဓာကိုယ်ရဲ့ အင်္ဂါအစိတ်အပိုင်းတွေကို စွန့်နိုင်တယ်။

ဇီဝိတပရိစ္စာဂ–အသက်နဲ့တကွသော ခန္ဓာကိုယ် တခုလုံးကို စွန့်တယ်။

"ဘယ်နှစ်မျိုး စွန့်သလဲ"

"ငါးမျိုး စွန့်ပါတယ်ဘုရား"

အဲဒီငါးမျိုးစွန့်တာဟာ ဟောဒီ ပညတ်နယ်မှာသာ ငါးမျိုးကွဲနေတာ၊ ပညတ်နယ်ကတော့ ဘာတွေစွန့် ဘာတွေစွန့်လို့ခွဲလိုက်တော့ ငါးမျိုး၊ ပရမတ်နယ်ရောက်တော့ တလုံးတည်းရယ် ကိလေသာကို စွန့်တာ။

"ဘာကိုစွန့်...."

"ကိလေသာကို စွန့်တာပါဘုရား"

အေး....ကိလေသာကို စွန့်နိုင်ယင် အသခ်တကို ရတယ်။

"ဘာကို စွန့်နိုင်ယင် ဘာကိုရ"

"ကိလေသာကို စွန့်နိုင်ယင် အသင်္ခတကို ရပါဘုရား"

"အသင်္ခတကို ရတယ်"

## ကိလေသာရဲ့အာရုံသည် ပညတ်

ကိလေသာကို စွန့်နိုင်ကြမှ အသဒ္ဓါကို ရမယ်။ အဲဒီ ကိလေသာကို စွန့်နိုင်ယင် အသဒ္ဓါ ဘာကြောင့်ရသလဲဆိုတော့....

ကိလေသာရဲ့အာရုံက ဟောဒီ သဒ္ဓါအာရုံ....

"ကိလေသာရဲ့ အာရုံက"

"သဒ္ဓါအာရုံပါ ဘုရား"

သဒ္ဓါအာရုံဆိုတာ ဘုန်းကြီးတို့ပရိသတ်များ ခုနက ပြောထားတယ်။ ဥစ္စာပစ္စည်း သားသမီး ဇနီးမယား အင်္ဂါကြီးငယ် အဲဒါတွေဟာ အကုန်လုံး သဒ္ဓါတွေ၊ အဲဒီ သဒ္ဓါတွေပေါ်မှာ ထပ်ဆင့်လိုက်တော့ ဘုန်းကြီးတို့ပရိသတ်များ ပညတ်တွေ ဝင်လာတယ်။

"ဘာတွေ ဝင်လာလဲ"

"ပညတ်တွေ ဝင်လာပါဘုရား"

အေး....ဒါကြောင့် နောက်တဆင့်ထပ်ပြီးတော့ ပြောရမယ်ဆိုယင် ထိုသဒ္ဓါတို့ကို အမျိုးမျိုး တင်စားထားတဲ့ ပညတ်တွေပေါ်မှာ ကိလေသာက အာရုံပြုတယ်ဟုတ်လား။

သဒ္ဓါကို အမျိုးမျိုး နာမည်တပ်ထားတဲ့ ပညတ်တို့အပေါ်မှာ ကိလေသာက အာရုံပြုနေပါတယ်။

ဒီတော့ ကိလေသာရဲ့အာရုံကို ဘုန်းကြီးတို့ ပရိသတ်များမှတ်ရမှာက သဒ္ဓါတို့ကို အမျိုးမျိုး ပညတ်တင်ပြီးတော့ထားတဲ့ သဒ္ဓါတွေကို အမျိုးမျိုး နာမည်ပေးထားတဲ့ ပညတ်ပေါ်မှာ–တဲ့၊ ကိလေသာက အာရုံယူတယ်....ဟုတ်လား။

ဒီတော့ ရသွားပြီ၊ ဘာ ရသွားသလဲဆိုတော့ မိမိတို့ စွန့်ရမယ့် ကိလေသာရဲ့အာရုံဟာ ပညတ်တရား။

"ကိလေသာရဲ့ အာရုံက"

"ပညတ်တရားပါဘုရား"

ကြည့်လေ၊ ပစ္စည်းဥစ္စာ ထီးနန်း တိုင်းပြည် သားသမီး ဇနီး ခင်ပွန်း အဲဒါတွေ အကုန် ပညတ်ချည်းပဲ မဟုတ်လား၊ အဲဒီ ပညတ်ဆိုသော သမ္မုတိသစ္စာတို့ပေါ်မှာ ဘာရောက်တုံးဆိုတော့ ကိလေသာသည် ကောင်းစွာ ရောက်တယ်။

ထိုပညတ်ကို ခွာလိုက်တယ်၊ ပရမတ်ကို အာရုံရလိုက်ပြီလဲဆို ရော ပညတ်ကိုစွန့် ပရမတ်အာရုံကို ယူနိုင်ပြီဆိုတဲ့အခါကျတော့ ကိလေသာဟာ အခိုက်အတန့် ကွာသွားတယ်။

## ဝိပဿနာနဲ့ မဂ်ဖိုလ်တို့ရဲ့ အာရုံ

ပရမတ်ဆိုတော့လဲ ဒီနေရာမှာ ၂-မျိုး မှတ်ပါဦး။

(၁) သင်္ခတပရမတ်

(၂) အသင်္ခတပရမတ်

"ဘယ်နှစ်မျိုးလဲ"

"နှစ်မျိုးပါဘုရား"

သင်္ခတပရမတ်ကို ဝိပဿနာက အာရုံပြုတယ်။

အသင်္ခတပရမတ်ကို မဂ်နဲ့ဖိုလ်က အာရုံပြုတယ်။

အာရုံပြုတတ်တဲ့ စိတ် ၃-မျိုးရယ်၊ အာရုံပြုစရာ အာရုံ ၃-မျိုး ရယ်၊ အာရုံပြုတတ်တဲ့ စိတ် ၃-မျိုးက....

(၁) ကိလေသာ
(၂) ဝိပဿနာ
(၃) မဂ်ဖိုလ်

"အာရုံပြုတတ်တဲ့စိတ်ကို ဘယ်နှစ်မျိုး ခွဲထား"

"သုံးမျိုး ခွဲထားပါဘုရား"

ကိလေသာစိတ်က ပညတ်တို့ကို အာရုံပြုတယ်။

ဝိပဿနာဉာဏ်နဲ့ ယှဉ်သောစိတ်က သန္တပရမတ်ကို အာရုံပြုတယ်။

မဂ်ဖိုလ်ဆိုတဲ့ လောကုတ္တရာစိတ်က အသန္တပရမတ်(နိဗ္ဗာန်) ကို အာရုံပြုတယ်။

"ဘယ်နှစ်မျိုးလဲ"

"သုံးမျိုးပါဘုရား"

ဒီကနေ့ ဘုန်းကြီးတို့ဟောရိုးအပေါင်း သူတော်ကောင်းတို့ အသန္တပရမတ်ကို ရချင်တယ် ယူချင်တယ်ဆိုကြယင် ပညတ်ကို ခွာရမယ်။

"ဘာကို ခွာရမလဲ"

"ပညတ်ကို ခွာရမှာပါဘုရား"

## ဝိပဿနာဉာဏ် ပေါ်လာတဲ့အချိန်

ပညတ်ကို ခွာလိုက်တာနဲ့ တပြိုင်နက်တည်း ဟို–ကိလေသာက ခွာပြီးသား ဖြစ်သွားတယ် ဟုတ်လား၊ ကိလေသာရဲ့ အာရုံဖြစ်တဲ့ ပညတ်ကို ခွာနိုင်တာနဲ့ တပြိုင်နက်တည်း အဲဒီ ပညတ်ပေါ် တင်နေတဲ့ ကိလေသာဟာလဲ ခွာပြီးသား ဖြစ်သွားတယ်။

ပညတ်ကို ခွာလိုက်တော့ ဘာထွက်လာလဲလို့ဆိုတော့ ပရမတ္ထတရားတွေ ပေါ်ထွက်လာတယ်။

"ဘာတွေပေါ်...."

"ပရမတ္ထတရားတွေ ပေါ်ထွက်လာပါဘုရား"

အဲဒီ ပရမတ်က သင်္ခတပရမတ်ရယ်, အသင်္ခတပရမတ်ရယ်လို့ နှစ်မျိုးဖြစ်လာတယ်။

ပညတ်ကို ခွာလိုက်တော့ ပရမတ်အာရုံ ပေါ်လာတယ်ဆိုရာမှာ သင်္ခတပရမတ်အာရုံသည် ရှေးဦးစွာ ပေါ်တယ်၊ ထိုသင်္ခတပရမတ်အာရုံ ပေါ်လာတဲ့အချိန်မှာ ဝိပဿနာဉာဏ်က ဝင်လာတယ်။

"ဘာဝင်လာ...."

"ဝိပဿနာဉာဏ် ဝင်လာပါဘုရား"

အဲဒီဝိပဿနာဉာဏ်ဆိုတဲ့ လောကီဉာဏ် ဝင်လာသောကာလ ခုနက ကိလေသာ ကွာသွားတာ၊ ဝိပဿနာဉာဏ်တွေ ဆုံးသွားတော့ တနည်း လောကီဉာဏ် အစီအစဉ်တွေ ဆုံးသွားတော့ ခေတ်ပြောပြော့ "ဉာဏ်စဉ်" နော်။

## ကိလေသာ ပြန်ဝင်လာခွင့် မရအောင်

လောကီဉာဏ်တို့ရဲ့ အစီအစဉ် ပြီးသွားပြီဆိုတော့ လောကုတ္တရာဉာဏ်တို့ရဲ့ အစီအစဉ်တွေဟာ ဝင်ရောက်လာတယ်။

လောကုတ္တရာဉာဏ်တို့ရဲ့ အစီအစဉ် ဝင်လာတဲ့ အချိန်မှာ သင်္ခတအာရုံတွေ ကုန်သွားပြီ၊ အသင်္ခတအာရုံ ပေါ်လာတယ်။ အသင်္ခတအာရုံ ပေါ်လာတဲ့ အချိန်ကျယင် အသင်္ခတအာရုံ ထင်

လာပြီဆိုတဲ့အခါကျယင် ဘုန်းကြီးတို့ပရိသတ်အပေါင်း သူတော်ကောင်းတို့ရဲ့ ရည်ရွယ်ချက်ဟာ ပြီးပြည့်စုံသွားတယ် ဟုတ်လား။

ငါတို့လုပ်ကိုင်ဆောင်ရွက်နေတဲ့ လုပ်ငန်းရဲ့ရည်ရွယ်ချက်ဟာ ဘာလဲဆိုယင် ဒီလို သုံးမျိုး နားလည်ထားပါ၊ ဒါကြောင့် ဘုန်းကြီး စ,ပြောလိုက်တယ်၊ ဘာပြောလိုက်တုံးဆိုတော့ ပစ္စည်းစွန့်နေရုံနဲ့ မပြီးကြဘူး၊ ကိလေသာကိုပါ စွန့်ရမယ်။

"ဘာကိုပါ စွန့်ရမလဲ"

"ကိလေသာကိုပါ စွန့်ရမှာပါဘုရား"

ကိလေသာကို စွန့်ဖို့ရန်အတွက် ပညတ်ကို လွန်ပြီးတော့ ပရမတ်အာရုံကို ယူနိုင်ရမယ်၊ ပရမတ်အာရုံသည် သင်္ခတပရမတ်နဲ့ အသင်္ခတပရမတ်ဟူ၍ နှစ်မျိုး....

သင်္ခတပရမတ်အာရုံကို ကောင်းကောင်းကြီး ယူနိုင်ယင်ပဲ ကိလေသာဟာ ဘုန်းကြီးတို့ပရိသတ်များ စွန့်ပြီးသားဖြစ်တယ်၊ အသင်္ခတပရမတ်အာရုံကို မိပြီဆိုတဲ့အခါကျတော့ စွန့်ပြီးတဲ့ ကိလေသာ ပြန်ကိုဝင်ခွင့်မရတော့ဘူးလို့ မှတ်လိုက်ကြ။

## ကိလေသာ ကုန်သွားတဲ့အချိန်

အသင်္ခတပရမတ်အာရုံကို မမိသေးဘူး၊ သင်္ခတပရမတ်အာရုံ လောက်ပဲ ရှိသေးတယ်ဆိုယင် စွန့်ထားတဲ့ ကိလေသာဟာ ပြန်ပြန်ပြီးတော့ ဝင်လာနိုင်သေးတယ်၊ သင်္ခတပရမတ်လောက်သာ မိထားတဲ့ပုဂ္ဂိုလ် အဲဒီ သင်္ခတ ပရမတ်အာရုံ ရုတ်တရက် ကွယ်ပျောက်ပြီဆိုတဲ့အခါကျတော့ ပြန်ပေါ်လာတာက ပညတ် ပြန်ပေါ်လာတယ်။

ဘုန်းကြီးတို့ပရိသတ် မှတ်ထား၊ အသင်္ခတပရမတ်ကို တန်းကနဲ မမြင်လိုက်သေးယင် သင်္ခတပရမတ်လောက်ပဲ ရပ်နေတဲ့ပုဂ္ဂိုလ်ဟာ သင်္ခတပရမတ်လောက်သာ သိထားတဲ့ပုဂ္ဂိုလ်ဟာ ထိုသင်္ခတပရမတ်အာရုံ ပျောက်သွားတော့ ဟို–အသင်္ခတပရမတ်ကို မမြင်ရသေးဘူးဆိုယင် ဟုတ်လား၊သင်္ခတပရမတ်အာရုံ ကွယ်လိုက်တဲ့အချိန်မှာ ဘာဖြစ်လာတုံးဆိုတော့ ပညတ်တွေ ပြန်ဝင်လာတယ်။

အဲဒီ ပညတ်ပြန်ဝင်လာယင် ကိလေသာဟာ ပြန်ပေါ်လာတယ်၊ လုပ်ငန်း မပြီးဆုံးဘူး။

အသင်္ခတပရမတ်အာရုံကို တကြိမ်မျှ မြင်ပြီးပြီဆိုယင် ဘုန်းကြီးတို့ ပရိသတ်အပေါင်း သူတော်ကောင်းတို့မှာ ကိလေသာဟာ သုံးပုံတပုံလောက် ကုန်သွားတယ်။

အသင်္ခတပရမတ်အာရုံကို နှစ်ကြိမ်လောက် မြင်လိုက်ပြီဆိုတော့ ဟို–ကျန်နေသေးတဲ့ ကိလေသာ သုံးပုံ နှစ်ပုံကို ပယ်ဖို့ရန်အားကောင်းနေပြီ။

အသင်္ခတပရမတ်အာရုံကို သုံးကြိမ်လောက် မြင်လိုက်ပြီလဲဆိုရော ကိလေသာက တဝက်ကျိုးအောင် ကုန်ခဲ့ပြီ၊ အသင်္ခတပရမတ်အာရုံကို လေးကြိမ်မြင်ပြီးပြီ ဆိုတဲ့အခါကျတော့ ကိလေသာ အကြွင်းမရှိ ...တဲ့၊ အကုန်လုံး ကုန်သွားတယ်။

စာမေးပွဲများ ဝင်တဲ့အခါ တဆင့်ပြီး တဆင့် တဆင့်ပြီး တဆင့် အောင်မြင်ပြီးတော့ လာသလိုပဲ နှစ်လဲစေ့ရော စာမေးပွဲ အကုန်လဲအောင်ရော ဘွဲ့ရသွားဆိုတာမျိုးပေါ့။

သန္တပရမတ်ကို ကြည့်ယင်း ကြည့်ယင်းနဲ့ ထိုသန္တပရမတ်ကနေပြီး ဖောက်ထွင်း ဟောဒီစိတ်ဟာ အသန္တပရမတ်ကို တခါတခါ လှမ်းလှမ်းပြီးတော့ မြင်တယ်၊ သန္တပရမတ်ကို လွန်ထွက်ပြီးတော့ အသန္တပရမတ်ကို လှမ်း မြင်လိုက် တော့ တကြိမ်မြင်ယင် ကိလေသာဟာ သုံးပုံ တပုံ ကုန်တယ်။

နှစ်ကြိမ်မြင်တော့ ဒုတိယအကြိမ် မြင်တဲ့အခါမှာ ကိလေသာကို ထပ်မံပြီးတော့ အထူးပယ်တာတော့ မရှိဘူး။ အထက်ကျန်နေသေးတဲ့ ကိလေသာတွေကို ပယ်ဖို့ရန် ဟောဒီစိတ်ဟာ သိပ်အားကောင်းသွားပြီ။

## ကိလေသာကို ပယ်ခွာနိုင်ဖို့

တတိယအကြိမ်လောက် သုံးကြိမ်လောက် မြင်လိုက်ရတဲ့ အခါကျတော့ ကိလေသာဟာ တဝက်ကျိုးသွာတယ် ဟုတ်လား၊ တဝက်ကျိုးသွားတယ်၊ လေးကြိမ်လောက် မြင်လိုက်ရပြီဆိုတော့ ကိလေသာဟာ တခုမှ မကျန်ဘူး၊ ကုန်ရော။

အဲဒီအခါကျယင် ဘုန်းကြီးတို့ပရိသတ်အပေါင်း သူတော်ကောင်းတို့ရဲ့ လုပ်ငန်းစဉ်ဟာ ပြီးသွားပြီလို့ ဒီလို သဘောကျရမယ်။

အသန္တပရမတ်ကို လေးကြိမ်မြင်ပြီးယင် ကိလေသာကုန်ပြီ။

ဒီတော့ ဘုန်းကြီးတို့ပရိသတ်အပေါင်း သူတော်ကောင်းတို့ရဲ့ ဟောဒီ စိတ်အစဉ်ဟာ ပညတ်ကိုတော့ တကယ်ကျော်မှ ဖြစ်မှာ၊ သူ့ကို မကျော်နိုင်ယင် ကိလေသာစွန့်လို့မရဘူး၊ ကိလေသာက ပညတ်ပေါ်မှာ ရှိတာ။

ပရမတ်အာရုံ ရှိလာပြန်တော့လဲ သင်္ခတပရမတ်ကို မြင်ရုံမျှ အသင်္ခတပရမတ်ကို မမြင်သေးသမျှ ကိလေသာဟာ အကြွင်းမဲ့ ပယ်ပြီး မဖြစ်ဘူးနော်။

ဒါဖြင့်ယင်ဘုရား တပည့်တော်တို့ ကျော်ပြီးတော့ သင်္ခတ ပရမတ်ကို ဖယ်ထား မကြည့်တော့ဘူး၊ အသင်္ခတပရမတ်ပဲ ရှာ ကြည့်မယ် စဉ်းစားကြည့်စမ်းပါ။

ရေကန်ကြီး တခုရဲ့အပေါ်က ရေမှော်တွေကို မဖယ်ပဲနဲ့သာ ဖြင့်ယင် ဟောဒီရေအောက်မှာ ဘာရှိတယ်ဆိုတာကို ဖောက် ထွင်းပြီးတော့ ဘယ်နည်းနဲ့မှ မကြည့်နိုင်ပါဘူး၊ဒီတော့–ရေကန် ကြီး တခုအပေါ်မှာ ဖုံးနေတဲ့ ရေမှော်ကိုတော့ ရှေးဦးစွာ ဖယ်ရမယ်။

ရေမှော်တွေ ဖယ်ပြီးတောင်မှ အဲဒီရေထဲမှာ ရှိနေတဲ့ အနယ် တွေ မှုန်တွေ အညစ်အကြေးတွေကို ဖယ်ရဦးမှာ၊ မှုန်တွေ အနယ် တွေ အညစ်အကြေးတွေ ဖယ်ပြီးတော့ ရေဟာ ကြည်လို့ ဖန် အဆင်းလို ဖြစ်လာပြီဆိုတော့မှ အဲဒီ ရေတွေကို ဟောဒီမျက်စိရဲ့ အတွင်းမှာ ရှိနေတဲ့ အကြည်ဓာတ် စက္ခုပသာဒရုပ်၊ စက္ခုပသာဒ ရုပ်မှာ မှီနေတဲ့ စက္ခုဝိညာဏ်စိတ်၊ ထို စက္ခုဝိညာဏ်စိတ်ဟာ ထို ရေကြည်ကို ဖောက်ပြီးတော့မှ ဟို ရေအောက်ကိုမြင်တာ။

စက္ခုပသာဒရုပ် မည်မျှ အားကောင်းစေကာမူ....

(၁) ရေမှော်ကို မဖယ်လျှင်

(၂) ရေထဲက အနယ်အမှုန်တွေကို ထိုင်အောင်မပြုနိုင်သေး ယင်....

ဘာတဲ့လဲ၊ ရေကိုဖောက်၍ ရေအောက်ကို မမြင်နိုင်ဘူး၊ ရေအောက်ကို မမြင်တော့ ဘာဖြစ်သလဲ၊ ရေအောက်မှာ ငါး ရှိသလား၊လိပ်ရှိသလား၊ မကန်းရှိသလား၊ ကျောက်ခဲရှိသလား၊ အိုးခြမ်းကွဲရှိသလား ဆိုတာကို မသိကြရဘူး။

ဒါကြောင့် ရေမှော်ကို ဖယ်၊ နောက်နေတဲ့ရေကို ကြည် အောင်ပြု၊ နောက်နေတဲ့ ရေကြည်ကို ကြည်အောင်ပြုတော့ ဘာ ဖြစ်လဲ၊ ဟောဒီ စက္ခုပသာဒရုပ်မှာ မှီနေတဲ့ စက္ခုဝိညာဏ်စိတ် သည် ရေတွေတို့ ဖောက်ထွင်းပြီးတော့ ဟို–ရေအောက်မှာ လှမ်း ပြီးတော့ ဘာတွေ ရှိတယ်ဆိုတာ မြင်လိုက်ပြီ၊ ဒီသဘောပဲ။

## ပရမတ္ထတရား ပေါ်လာအောင် ပညတ်ကိုဖယ်

ဒီကနေ့ ဘုန်းကြီးတို့ ပရိသတ်အပေါင်း သူတော်ကောင်းတို့ရဲ့ ဟောဒီစိတ်အစဉ်မှာ ကပ်ပြီးတော့နေတဲ့ ကိလေသာတွေကိုလဲပဲ ဒီလိုပဲ အဆင့်ဆင့် ဖယ်ရမှာ၊ ဖောက်ထွင်းသိဖို့ရန် ရေမှော်တွေ ဖုံးနေတော့ ရေတောင်မှ မမြင်ရဘူးဆိုတာလိုပဲ၊ ဟောဒီမှာ ပညတ်တွေက ဖုံးနေတော့ စိတ် စေတသိက် ရုပ်ဆိုတာ ရှာလို့ မရဘူး။

ပညတ်တွေက ဖုံးနေလို့ စိတ်, စေတသိက်, ရုပ်ဆိုတာ ရှာမရ ယင် သင်္ခတတရားတို့ရဲ့ လက္ခဏာ ဘယ်ထင်မလဲ၊ ပညတ်တွေက ဖုံးနေလို့ စိတ် စေတသိက်ကို ရှာမရ၊ သင်္ခတတရားတို့ရဲ့ လက္ခဏာ မထင်ယင် အသင်္ခတကိုလဲ မမြင်ဘူးလို့ မှတ်။

သင်္ခတလက္ခဏာ ထင်ပြီးပြီလဲဆိုရော ဟောဒီမှာ ရေထဲက အနယ်, အမှော်, အမှုန်တွေကို ဖယ်ပစ်လိုက်သလိုပဲ၊ ရေတွေ

ဟာ ကြည်ပြီးတော့ တခါတည်း ကြည့်ချင်တဲ့ နေရာက ကြည့်၊ မျက်စိနှစ်ကွင်းဟာ ဖောက်ထွင်းပြီးတော့ ဟို.... အောက်ကို မြင်နိုင်စွမ်းရှိလာတယ်။

အေး....ဒီတော့ သင်္ခတပရမတ်ရဲ့ လက္ခဏာတွေကို ဖောက်ထွင်းမိပြီဆိုတဲ့ အခါကျတော့ ထိုသင်္ခတကို လွန်ထွက်သွားတယ်၊ လက္ခဏာကို အသေအချာမြင်ယင် သင်္ခတဆိုတဲ့ ရေထုကြီးကို ဟောဒီ ဘုန်းကြီးတို့ပရိသတ်အပေါင်း သူတော်ကောင်းတို့ရဲ့ ဉာဏ်နဲ့ယှဉ်သော စိတ်ဟာ ပေါက်သွားပြီ၊ ဖောက်ထွင်းနိုင်သွားပြီ။

သင်္ခတလက္ခဏာမြင်လို့ ကောင်းစွာ ဖောက်ထွင်းနိုင်ပြီလဲဆိုရော ဟိုဘက် ကျော်ထွက်သွားတော့ အသင်္ခတဟာ လွယ်လွယ်လေးနဲ့ ဟိုဘက်နား ကပ်ရက် တွေ့ပါတယ်။

ဒီတော့ ဘုန်းကြီးတို့ပရိသတ်အပေါင်း သူတော်ကောင်းတို့ဘာ ကြည့်ရမလဲဆိုတော့ သင်္ခတ၏လက္ခဏာကို မြင်အောင်ကြည့်ပါ။

"ဘာကို မြင်အောင်ကြည့်ရမလဲ"

"သင်္ခတရဲ့လက္ခဏာကို မြင်အောင်ကြည့်ရမှာပါဘုရား"

## သင်္ခတရဲ့ လက္ခဏာ

သင်္ခတလက္ခဏာကို မြင်အောင်ကြည့် ဆိုရာမှာ....

(၁) သင်္ခတရယ်

(၂) လက္ခဏာရယ်

"ဘယ်နှစ်ခုလဲ"

"နှစ်ခုပါဘူးရှား"

သစ်တနဲ့ လက္ခဏာ၊ လက္ခဏာနဲ့ သစ်တ၊ ပြောတော့သာ နှစ်ခု၊ ဘုန်းကြီးတို့ပရိသတ်များ အဲဒါ တခြားစီ ကြည့်ရတာတော့ မဟုတ်ဘူး၊ သစ်တကို ကြည့်ယင်း ကြည့်ယင်းနဲ့ အဲဒီမှာ လက္ခဏာ က အလိုလိုထင်တာ။

သစ်တသည် လက္ခဏာတော့ မဟုတ်ဘူး၊ လက္ခဏာကလဲ သစ်တတော့ မဟုတ်ဘူး၊ လက္ခဏာနဲ့ သစ်တ ခွဲလို့လဲ မရကြ ဘူး၊ သစ်တကို ကြည့်ယင်း ကြည့်ယင်းနဲ့ လက္ခဏာက ထင်လာ တော့....

ရေမှော်တွေလဲ ရှင်း အနယ်တွေလဲထိုင်လို့ ကြည်နေတဲ့ ရေလို ပဲ လက္ခဏာထင်လိုက်တဲ့အချိန်မှာ တခါတည်း ဟောဒီဉာဏ်ဟာ ပေါက်ထွက်သွားတယ်၊ ရေတွေကို ဖောက်ပြီးတော့ ဟို... ရေအောက်ကို မြင်လိုက်ရသလိုပေါ့။

လက္ခဏာပေါက်ပြီလဲဆိုရော သစ်တကို ကျော်ထွက်သွား ပြီးတော့ ဟိုဘက် အသစ်တ သွားတွေ့တယ်၊ အဲဒီအချိန်ကျ တော့ ဘုန်းကြီးတို့ပရိသတ်များ ကိလေသာ ဝင်ခွင့်မရတော့ ဘူးလို့ သဘောကျလိုက်နော်။

ဒါကြောင့် ဒီကနေ့ ဘုန်းကြီးတို့ပရိသတ်အပေါင်း သူတော် ကောင်းတို့အတွက် သစ်တရဲ့လက္ခဏာ ဒါကို ရှုရမယ်။

သာဝတ္ထိပြည်မှန် ဇေတဝန်မှာ

တိဏ္ဏိမာနိ ဘိက္ခဝေ သစ်တာသ သစ်တလက္ခဏာနိ ဥပ္ပါဒေါ ပညာယတိ ဝယော ပညာယတိ၊ ဌိတဿ အညထတ္တံ ပညာ ယတိ....လို့

ဘုရားမြတ်စွာ သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းကို [illegible]င်းတော်မူနေသောကာလ ညချမ်းကာလ သံဃာတော်များ စည်းဝေးရာ ညီမူရာ တန်ဆောင်းမှာ စည်းဝေးညီညာရောက်ရှိတော်မူနေကြတဲ့ သံဃာတော် အရှင်မြတ်အပေါင်းသူတော်ကောင်းတို့အား ဗုဒ္ဓါသန ဓမ္မပလ္လင်ထက်ကနေ၍ ဘုရားရှင်ကိုယ်တော်မြတ်သည် "သစ္စလက္ခဏသုတ္တန်" နဲ့ "အသစ္စလက္ခဏသုတ္တန်"ကို ဟောတော်မူခဲ့ပါတယ်။

"ဓမ္မံ ဝေါ ဘိက္ခဝေ ဒေသေဿာမိ၊ သာဓုကံ သုဏာထ၊ သာဓုကံ မနသိကရောထ ဘာသိဿာမိ။

ဘိက္ခဝေ၊ ရဟန်းတော်များ အို....ချစ်သားတို့။

အဟံ၊ ငါဘုရားရှင်ကိုယ်တော်မြတ်သည်။ ဝေါ–တုမှာက်၊ သင်ချစ်သားတို့အား။ ဓမ္မံ၊ တရားကို။ ဒေသေဿာမိ၊ ဟောပေအံ့။

တံ ဓမ္မံ၊ ထို ငါဘုရားရှင် ကိုယ်တော်မြတ် ဟောလတ္တံ့တရားကို။ တုမှေ၊ သင်ချစ်သားတို့သည်။ သာဓုကံ၊ ကောင်းမွန်စွာ ရိုသေစွာ။ သုဏာထ၊ နားစိုက်ကြကုန်လော့။ သာဓုကံ၊ ကောင်းမွန်ရိုသေစွာ။ မနသိကရောထ၊ နှလုံးသွင်းကြကုန်လော့။ ဘာသိဿာမိ၊ ဟောကြားတော့အံ့။

ချစ်သားတို့.... ငါဘုရားရှင် ကိုယ်တော်မြတ် ဟောလတ္တံ့တရားကို ကောင်းမွန်ရိုသေစွာ နာကြားကြ၊ ကောင်းမွန်ရိုသေစွာ မှတ်သားကြ၊ ကောင်းမွန်ရိုသေစွာ နှလုံးသွင်းကြလို့ ဗုဒ္ဓါသနပလ္လင်ထက်က ဘုရားရှင်ကိုယ်တော်မြတ် မိန့်ကြားတော်မူခဲ့သောကာလ၊ သံဃာတော်အရှင်မြတ်တို့ကလဲပဲ—

ဧဝံ ဘန္တေ၊ ကောင်းလှပါပြီ မြတ်စွာဘုရား။

ကောင်းပါပြီဘုရား၊ မှတ်မှတ် သားသား ရိုရိုသေသေ လေးလေးစားစား စိတ်မှာစွဲပြီးတော့ အမိပ္ပာယ်တွေကိုလဲ မမေ့အောင် တပည့်တော်များ နားထောင်ပါ့မယ်လို့ ဝန်ခံစကား ပြန်ကြား လျှောက်ထားလိုက်တော့ ဘုရားရှင် ကိုယ်တော်မြတ်က....

ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ဧတဒ ဘိက္ခု၊ ထို ရဟန်းတော်တို့ကို။ တော် ဝစနံ (ဝါ)ဣဒံ သုတ္တံ၊ ဤ သင်္ခတလက္ခဏာသုတ္တန်ဆိုသော ဓမ္မကထာ ဒေသနာကို။ ကထေသိ၊ ကရုဏာရှေးရှု ဟောကြားတော်မူခဲ့ပါပေသတည်း။

"သာဓု....သာဓု....သာဓုပါဘုရား။"

ညဥ့်ဦးယံကာလ သံဃာ့အစည်းအဝေးမှာ သင်္ခတတို့ရဲ့ လက္ခဏာကို ဖော်ပြသော သုတ္တန်တခု ဘုရားမြတ်စွာ မိန့်တော်မူတယ်။

## သင်္ခတနဲ့ အသင်္ခတဆိုတာ

သင်္ခတတို့၏ လက္ခဏာ....

"ဘာတရားပါလိမ့်"

"သင်္ခတတို့ရဲ့ လက္ခဏာပါဘုရား"

သင်္ခတတို့၏ လက္ခဏာကို ဘုန်းကြီးတို့ပရိသတ် စဥ်းစားမယ် ကြံယင် သင်္ခတဆိုတာကို ရှေးဦးစွာ စဥ်းစားပါ၊ သင်္ခတကို ရှေးဦးစွာစဥ်းစားတော့ ဘုန်းကြီးတို့ပရိသတ်အပေါင်း သူတော်

ကောင်းတို့အတွက် များများကြီးမပြောမူ၍ တခုပဲပြောလိုက်မယ်....

ပစ္စယေဟိ၊ အကြောင်းတရားတို့သည်။ သံ–သမံ၊ အညီအညွတ်။ ကတော၊ ပြုလုပ်အပ်သော။ ဓမ္မော၊ တရား။

အကြောင်းတရားတို့သည် အညီအညွတ် ပြုပြင်ထားသော တရား....

အဲဒါဟာ သင်္ခတော–သင်္ခတ တရား။

အကြောင်းတရားတို့သည် ညီညွတ်စွာ ပေါင်းစု၍ ပြုအပ်သောတရားကို သင်္ခတ။

“အကြောင်းတရားတွေ ပေါင်းစု ပေါင်းစုပြီးတော့ ပြုထားတဲ့တရားကို ဘာခေါ်သလဲ”

“သင်္ခတပါဘုရား”

“အေး....မှတ်ထား”

အကြောင်းတရားများနှာ ပေါင်းစုပြီးတော့ ပြုထားတဲ့တရားကို“သင်္ခတ”လို့ နားလည်ယင် အဲဒီမှာ “အ”ဆိုတဲ့ တလုံးကပ်လိုက်တော့ “အသင်္ခတ” ဖြစ်တာ။

အကြောင်းတရားတွေ ကင်းပြီးတော့ ပေါင်းစုပြီးတော့ ပြုပြင်ခြင်းမရှိတဲ့ တရားဟာ “အသင်္ခတ”။

အသင်္ခတဆိုတာက အကြောင်းကင်းတာ၊ အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးမဟုတ်ဘူး၊ အကြောင်းတရားတို့ကြောင့် ဖြစ်လာတဲ့ အကျိုးတရားလဲ မဟုတ်ဘူး၊ အကြောင်းတရားများနှာတို့က ပြုလုပ်ထားတဲ့ တရားမျိုးလဲ မဟုတ်ဘူး။

အကြောင်းတရားတို့ကြောင့် ဖြစ်လာတဲ့ အဖြစ်တရားလဲ မဟုတ်၊ အကြောင်းတရားများစွာတို့က ပြုထားတဲ့ အပြုခံတရားလဲ မဟုတ်၊ အဲဒါကို "အသင်္ခတ"၊ အကြောင်းတရားများစွာကြောင့် ဖြစ်တဲ့တရားက "သင်္ခတ"၊ အကြောင်းတရားများစွာတို့က ပြုလုပ်ထားတာမဟုတ်တဲ့တရားကို "အသင်္ခတ" ....လို့။

သင်္ခတ, အသင်္ခတ ဒီလိုခွဲလိုက်။

အကြောင်းတရား များစွာကြောင့် ဖြစ်တဲ့တရားက "သင်္ခတ" အကြောင်းတရား များစွာတို့က ပြုလုပ်ထားတာ မဟုတ်တဲ့ တရားကို "အသင်္ခတ" ဒီလို ခွဲလိုက်။

သင်္ခတနဲ့ အသင်္ခတကို ဒီလိုခွဲပြီးတော့ သင်္ခတရဲ့လက္ခဏာကို ရှေးဦးစွာ နားလည်အောင် စဉ်းစား၊ သင်္ခတကို ဘုန်းကြီးတို့ ပရိသတ် ရပြီ၊ အကြောင်းတရား များစွာတို့ဖြင့် ပြုပြင်ထားသောတရား၊ အကြောင်းတရား များစွာတို့ကြောင့် ဖြစ်ပေါ်လာသောတရား၊ အဲဒါကို "သင်္ခတ"။

အကြောင်းတရား များစွာတို့ကြောင့် ဖြစ်လာသောတရားကို ဘာလို့ခေါ်"

"သင်္ခတ ခေါ်ပါတယ်ဘုရား"

အကြောင်းတရားတို့ဖြင့် ပြုထားသောတရား၊ အကြောင်းတရားများစွာတို့ဖြင့် ပြုပြင်ထားသောတရား၊ အကြောင်းတရားများစွာတို့ကြောင့် ဖြစ်ပေါ်လာသောတရား၊ အဲဒါကို သင်္ခတ....

## သင်္ခတရဲ့ လက္ခဏာ ၃-ချက်

အဲဒီသင်္ခတမှာ "လက္ခဏာ" ရှိတယ်....

တီဏိမာနိ ဘိက္ခဝေ သင်္ခတဿ သင်္ခတလက္ခဏာနိ။

ဘိက္ခဝေ၊ ရဟန်းတော်များ အို–ချစ်သားတို့။

သင်္ခတဿ၊ အကြောင်းတရားတို့ကြောင့် ဖြစ်လာသော ဟောဒီအကျိုးလို့ ဆိုရတဲ့သင်္ခတတရားမှ။ လက္ခဏာနိ၊လက္ခဏာတို့သည်ကား။ ဣမာနိတီဏိ၊ ဤ သုံးမျိုးတို့သည်။ ဟောန္တိ၊ ဖြစ်ကြပါပေကုန်၏။

အကြောင်းတရားတို့ကြောင့် ဖြစ်လာတဲ့ "သင်္ခတ" (ဝါ) အကြောင်းတရားတို့သည် ပြုအပ်သောကြောင့် ဖြစ်လာသော "သင်္ခတ"တရားမှ လက္ခဏာတို့သည် ၃-ပါး ရှိတယ်။

အဲဒီလက္ခဏာတွေက ဘာတွေတဲ့တုံး ဆိုလို့ရှိယင်....

(၁) ဥပ္ပါဒေါ ပညာယတိ

(၂) ဝယော ပညာယတိ

(၃) ဌိတဿ အညထတ္တံ ပညာယတိ

ဥပ္ပါဒေါ၊ ဥပ္ပါဒဆိုတာ။ ပညာယတိ၊ ထင်ထင်ရှားရှား ရှိနေတယ်။

ဝယော၊ ဝယဆိုတာလဲ။ ပညာယတိ၊ ထင်ထင်ရှားရှား ရှိနေတယ်။

ဌိတဿ အညထတ္တံ၊ ဖြစ်လာတဲ့ ဥပ္ပါဒတရားတို့ရဲ့ ဖြစ်သည့်အတိုင်း နဂိုအတိုင်း မနေမူ၍ တမျိုးတဖုံ ပြောင်းနေတယ် ပြောင်းနေတယ်ဆိုတဲ့ အညထတ္တ သဘောလဲပဲ။ ပညာယတိ၊ ထင်ထင်ရှားရှား ရှိနေပါတယ်။

ဘိက္ခဝေ၊ ရဟန်းတော်များ အို....ချစ်သားတို့။

သင်္ခတဿ၊ သင်္ခတတရား၏။ လက္ခဏာနိ၊ လက္ခဏာတို့သည်ကား။ တီဏိ၊ သုံးမျိုးတို့သည်။ ဣမာနိ တီဏိ၊ ဤသုံးမျိုးတို့သည်။ ဟောန္တိ၊ ကောင်းစွာမသေချ ဖြစ်ပါပေကုန်သတည်း။

"သာဓု....သာဓု....သာဓုပါဘုရား။"

## သင်္ခတနဲ့အသင်္ခတ ကွာခြားချက်

ဟောဒီ သင်္ခတလောကမှာ ကြည့်လိုက်ယင် အကြောင်းအကျိုး အကြောင်း အကျိုး အကြောင်း အကျိုး ဆိုပြီးတော့ အကြောင်းနဲ့အကျိုး တွဲနေတဲ့ တရားချည်းပဲ၊အကြောင်းကင်း၍ ဖြစ်တဲ့တရားဟာ သင်္ခတနယ်မှာ မရှိဘူး၊ အကြောင်းကြောင့် ဖြစ်တာချည်းပဲ။

အကြောင်းကြောင့်ဖြစ်လာတဲ့ ဒီအကျိုးတရားတွေ ကြည့်လိုက်တော့ အကြောင်းတရားတွေမှာ....

(၁) ဥပ္ပါဒ
(၂) ဝယ
(၃) အညထတ္တ

ရှိသလို သူ့အကြောင်း ဖြစ်လာတဲ့ အကျိုးကျပြန်တော့လဲ-

(၁) ဥပ္ပါဒ
(၂) ဝယ
(၃) အညထတ္တ

ရှိတာပဲ၊ ဒီတော့.... အကြောင်း သင်္ခတ, အကျိုး သင်္ခတ နှစ်ခုစလုံးမှာ ဥပ္ပါဒ, ဝယ, အညထတ္တ ရှိနေတယ်လို့ သဘော

ကျ၊ အကြောင်း သင်္ခတ, အကျိုး သင်္ခတ နှစ်ခုစလုံး ဥပ္ပါဒ, ဝယ, အညထတ္တ အကုန်လုံး ရှိတယ်။

အသင်္ခတဆိုတာက အကြောင်းကိုက မရှိတဲ့အတွက်ကြောင့် အကြောင်းကြောင့် ဖြစ်တဲ့အကျိုးမဟုတ်တော့ဘူး၊ အကြောင်းကြောင့် ဖြစ်တဲ့အကျိုး မဟုတ်သည်ဖြစ်ခြင်းကြောင့် ဥပ္ပါဒ, ဝယ, အညထတ္တ သူ့မှာ မရှိဘူး။

ဥပ္ပါဒ, ဝယ, အညထတ္တ မရှိတာ အသင်္ခတ။

ဥပ္ပါဒ, ဝယ, အညထတ္တ ရှိတာက သင်္ခတ။

ဘာကြောင့် သင်္ခတက ဥပ္ပါဒ,ဝယ,အညထတ္တ ရှိတာလဲဆိုတော့ အကြောင်းကြောင့် ဖြစ်တဲ့အကျိုးမို့လို့ ဥပ္ပါဒ, ဝယ, အညထတ္တ ရှိတာ၊ အကြောင်းမပါဘူး အကြောင်းနေတယ်ဆိုယင် ဥပ္ပါဒ, ဝယ, အညထတ္တ မရှိဘူး။

အကြောင်းသာကင်းယင် ဘုန်းကြီးတို့ပရိသတ်များ ဥပ္ပါဒကို မရှိတော့ဘူး၊ ဥပ္ပါဒမရှိယင် ဝယ ဘယ်လိုလုပ် ရှိတော့မလဲ၊ ဥပ္ပါဒနဲ့ ဝယမရှိယင် အညထတ္တဆိုတာ မရှိဘူး....တဲ့နော်၊ အဲဒါ အသင်္ခတရဲ့သဘော၊ အတွဲလိုက် အဲဒီလို စဉ်းစား။

## မြင်တယ်ဆိုတဲ့နေရာမှာ

ဘုန်းကြီးတို့ပရိသတ်အပေါင်း သူတော်ကောင်းတို့ ဟောဒီမှာ မြင်တယ်ဆိုတဲ့ နေရာလေးမှာပဲ စဉ်းစားကြည့်....

(၁) မြင်စရာ အာရုံတခု
(၂) မြင်တတ် သိတတ်တဲ့ စိတ်တခု
(၃) ထိုမြင်သိစိတ်ရဲ့ မှီရာ တည်ရာ တခု

အနည်းဆုံး အကြောင်း ၃-ခုတော့ ဆုံပေးရတယ်။
"ဘယ်နှစ်ခုလဲ"
"သုံးခုပါဘုရား"
(၁) မြင်စရာ အဆင်း
(၂) မြင်သိစိတ်
(၃) ထိုမြင်သိစိတ်ကလေးရဲ့ မှီစရာ တည်စရာ
(၄) အဲဒီကြားထဲမှာ အလင်းရောင်လေးလဲ ထိုးပေးလိုက်ဦး
"ဘယ်နှစ်ခုလဲ"
"လေးခုပါဘုရား"

ပိတ်ကားကြီးလဲ အရှိသား၊ ဟောဒီဘက်က ရုပ်ရှင်ဖလင်ပြားတွေလဲ စက်ထဲ အဆင်သင့် ထည့်ထားထားသား၊ ကြည့်မယ့်သူတွေလဲ ထိုင်နေတယ်၊ စက်ကို လှည့်ပေးမယ့်လူလဲ ရှိတယ်၊ ဒါပေမယ့် မီးသာမရှိယင် ဟောဒီမှာ ဘာမှကြည့်မဖြစ်ဘူး။

အကြောင်းတခုခု ချွတ်ယွင်းယင် ဟောဒီမှာ အကျိုးတွေ အကုန်ပျက်ကုန်တယ်၊ အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးဆိုတာ ဒီအတိုင်းပဲ၊ တခုချွတ်ယွင်းယင် ကျန်တာတွေဟာ အကုန်လုံး ချွတ်ယွင်းချက်တွေ ရှိတယ်။

အေး....သစ္စာဟာ ဒီလိုချည်းပဲ၊ ဒီတော့....
(၁) ပိတ်ကား
(၂) ဖလင်ပြား
(၃) ဆလိုက်မီး
(၄) စက်ကို လှည့်ပေးလိုက်

အေး....အဲဒီအခါမှာ ဟိုမှာ အရိပ်တွေအကုန်ထင်လာတယ်။ အဲဒီအထဲက တခုခုဖြုတ်၊ ပိတ်ကားကြီး ဖယ်လိုက်ယင်ကော မမြင်ရတော့ဘူး၊ ကြည့်လို့ မရတော့ဘူး၊ စက်ကိုဖယ်လိုက်လဲ ကြည့်လို့မရတော့ဘူး၊ မမြင်ရတော့ဘူး။ ဖလင်ပြားတွေ ထုတ်လိုက်၊ မီးချည်းထိုးလဲ မမြင်ရတော့ဘူး။

အကြောင်းတွေ အကုန်စုံမှ မြင်ကြရတာ၊ စက်လဲ ရှိရမယ်၊ ဖလင်ပြားလဲ ရှိရမယ်၊မီးရောင်လဲ ရှိရမယ်၊ပြီးတော့ ပိတ်ကားလဲ ရှိရမယ်၊ ဒီအကြောင်းတွေ ပေါင်းစုတဲ့အခါကျတော့မှ ဟို.... ပိတ်ကားပေါ်မှာ ထင်လာတဲ့အရုပ်တွေရဲ့ တလှုပ်လှုပ်နဲ့ လှုပ်ရှားနေတဲ့သဘောကို ဝိုင်းပြီးတော့ ကြည့်ရတာ။

### ဓဝဒနာ ဘာ့ကြောင့်ဖြစ်

သင်္ခတဆိုတာ အကြောင်းတွေများစွာ စုပြီးတော့ ပြုလုပ်ထားတာကို သင်္ခတ၊အဲဒီ သင်္ခတတရားတွေမှာ လက္ခဏာရှိတယ်။

ဥပ္ပါဒေါ–ဖြစ်လာတဲ့ လက္ခဏာ
ဥပ္ပါဒေါ ပညာယတိ

ဥပ္ပါဒေါ၊ဖြစ်တယ်ဆိုတဲ့ သဘောသည်။ ပညာယတိ၊ထင်၏။

ဥပ္ပါဒသဘော– ဖြစ်ဆိုတဲ့ သဘောထင်တယ်၊ ဖြစ်ဆိုတာ ဘာကြောင့် ထင်တုံးဆိုတော့ ဘုန်းကြီးတို့ ပရိသတ်အတွက် လွယ်သွားပြီ၊ အကြောင်းတရားတွေ ဆုံမိလို့ဖြစ်တာ။

"ဘာတွေ ဘာတွေဆုံမိ"

"အကြောင်းတရားတွေ ဆုံမိလို့ ဖြစ်တာပါဘုရား"

အကြောင်းတရားတွေ ဆုံမိလို့ဖြစ်တော့ အဲဒီ အကြောင်း တရားတွေ ဆုံစည်းမှုကို ဖယ်ပစ်လိုက်ယင် ဖြစ်မှုသဘောလဲပဲ ကုန်သွားတယ်။

ဉပ္ပါဒေါ ဖြစ်တယ်ဆိုတဲ့ သဘော

ဘာကြောင့်ဖြစ်၊ အကြောင်းတရားတွေ ပေါင်းစုလို့ ဖြစ်လာတယ်ဆိုတဲ့ သဘောသည်....

ပညာယတိ–ထင်ပါတယ်

ဖြစ်တဲ့သဘော ဘာကြောင့်ထင်၊ အကြောင်းတရား ပေါင်းစုလို့ထင်....

စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ။

စက္ခုဉ္စ၊ စက္ခုတွင်မည် ရုပ်အကြည်ကိုလည်းကောင်း။ ရူပေစ၊ အဆင်းမျိုးစုံ ရူပါရုံတို့ကိုလည်းကောင်း။ ပဋိစ္စ၊ ဒီတခုကို အစွဲပြု၍။ စက္ခုဝိညာဏံ၊ အဆင်းကိုသိတဲ့ မြင်သိစိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၍လာပါ၏။

တိဏ္ဏံ၊ ဒီသုံးခုတို့ကို။ သင်္ဂတိ၊ ပေါင်းဆုံပေးထားတာက။ ဖဿော၊ ဖဿခေါ်တယ်။ ဖဿပစ္စယာ၊ ဖဿတည်းဟူသော အကြောင်းကြောင့်။ ဝေဒနာ၊ ဝေဒနာသည်။ သမ္ဘဝတိ၊ ဖြစ်လာလိမ့်မယ်။

ဝေဒနာဆိုတဲ့အကျိုးဟာ ဘာကြောင့် ပေါ်တုံး....

ဝေဒနာ နားမှာ ကပ်နေတဲ့ အကြောင်းကိုပြောယင် ဖဿကြောင့် ဖြစ်တာ၊ အဲဒီ ဖဿဆိုတဲ့ ဆုံပေးမှုဟာ ဘယ်သူနဲ့ ဘယ်သူ့ကို ဆုံပေးလိုက်တာလဲဆိုတော့....

(၁) အဆင်းရယ်
(၂) မြင်သိစိတ်ရယ်
(၃) မြင်သိစိတ်ရဲ့မှီရာဖြစ်တဲ့ စက္ခုပသာဒရုပ်ရယ်

ဒီသုံးခု ဆုံပေးလိုက်တာ၊

ရှေ့မှာ ပိတ်ကားချထားပေမယ့် ဟောဒီက ထိုးတဲ့ဆလိုက်မီးဟာ တလွဲသွားထိုးယင် မထင်ဘူး၊ ရူပါရုံရှိပေမယ့် စက္ခုပသာဒနဲ့ ရူပါရုံ မတည့်ယင် စက္ခုဝိညာဏ်စိတ် မပေါ်ဘူး။

အဆင်းတော့ ရှိတော့ရှိသားပဲ၊ စက္ခုပသာဒနဲ့ အဲဒီရူပါရုံနဲ့ တည့်တည့်ကြီး မဟုတ်ဘူး၊. တလွဲဖြစ်နေယင် ထင်ပါ့မလား၊ မထင်ဘူး၊ ဟို-ပိတ်ကားနဲ့ ဆလိုက်မီး တည့်တည့်မထိုးတော့ အရိပ်မထင်သလိုပါပဲ။

အကြောင်းတရားတွေဆုံဖို့ လိုအပ်ကြောင်း၊ အဲဒါ သခ်တရဲ့ သဘောကို ပြောတာ။

## စက္ခုဝိညာဏ်စိတ်ဖြစ်ပေါ်ဖို့ရန် အကြောင်းတရားများ

ဒီတော့—စက္ခုပသာဒနဲ့ ရူပါရုံ တည့်တည့်လေး ဆုံပေးထား၊ အဲဒီ ဆုံပေးမှုရဲ့ ကြားထဲမှာ ဘာလဲ၊ အလင်းရောင်လေးလဲ ချပေးထား၊ စက္ခုပသာဒနဲ့ ရူပါရုံရဲ့ကြားထဲမှာ အလင်းရောင် ချပေး၊ ဟုတ်လား။

အဲဒီ အလင်းရောင်ရှိတဲ့နေရာမှာ စက္ခုပသာဒ ရူပါရုံတို့ကို သေသေချာချာ ချိန်ပေးဖို့ကော မလိုဘူးလား၊ လိုတယ်၊ ဆလိုက်မီးနဲ့ ပိတ်ကား သေသေချာချာ ချိန်ပေးရသလိုပဲ ရူပါရုံနဲ့ မျက်လုံးကိုလဲ သေသေချာချာ ချိန်ပေးရတယ်။

မယုံယင်ကြည့်ပေါ့၊ ဘုန်းကြီးတို့ပရိသတ်များ မျက်လုံးဟာ တည့်တည့်ကြည့်ယင် တမျိုး၊ ဘေးတိုက်ကြည့်ယင် တမျိုး၊ မော့ကြည့်ယင် တမျိုး၊ ငုံ့ကြည့်ယင် တမျိုး၊ တည့်ဘည့်လေး ကြည့်လိုက်တော့ အေး....အဆင်ကို ပြေလို့။

အဆင်းက ရှေ့မှာရှိတယ်၊ ကိုယ်က နောက်ကို ကြည့်လို့မရဘူး၊ အဆင်းက နောက်မှာရှိတယ်၊ ကိုယ်က ရှေ့ကိုလှမ်းကြည့်၊ ဒါမဖြစ်ဘူး။ အဲဒီလို ချိန်ပေးတဲ့ သဘောလေးကို ဘာခေါ်တုံးဆိုတော့ "မနသိကာရ" ခေါ်တယ်၊ အဆင်းနဲ့ ရူပါရုံ အသေအချာ တည့်အောင်ချိန်ပေးတာကို "မနသိကာရ"

ဘယ်လိုပဲ ချိန်ချိန်၊ ဘယ်လောက်ပဲ တည့်တည့်။ အေး.... ဟောဒီမှာ ရူပါရုံ မျက်လုံးထဲ ထင်ဖို့ရန် နောက်အထောက်အပံ့ တခုက "အလင်းရောင်" အဲဒါကို "အာလောက" လို့ခေါ်တယ်၊ အလင်းရောင် မရယင် ဘယ်လောက် တည့်နေနေ မထင်ဘူး။

(၁) စက္ခုပသာဒရယ်
(၂) ရူပါရုံရယ်
(၃) မနသိကာရရယ်
(၄) အာလောကရယ်

အဲဒီ အကြောင်းတရားလေးခု အသေအချာ ဆုံပေးလိုက်တော့ ဘာဖြစ်လာလဲ။

စက္ခုဝိညာဏ်၊ စက္ခုပသာဒရုပ်ကို မြင်လိုက်သိလိုက်တဲ့အခါမှာ မြင်လိုက်တဲ့အခါမှာ မြင်ခိုက် မြင်ခိုက်အခါမှာ သိလိုက်တဲ့ စက္ခုဝိညာဏ်လို့ဆိုရတဲ့ ဝိညာဏ တခုသည်။ ဥပ္ပဇ္ဇတိ၊ဖြစ်ပေါ်၍ လာခဲ့ပါပေ၏။

ဝိညာဏ် ဘာကြောင့်ပေါ်၊ ဒီအကြောင်းတွေ ဒီအကြောင်းတွေကြောင့် ပေါ်ရတာ၊ ဝိညာဏ်လေး တလုံး ပေါ်ဖို့ရန် အကြောင်းတွေ ထောက်ပံ့ထားလိုက်တာ မနည်းပါဘူး။

ရုပ်ဇီဝိတတရား

စက္ခုပသာဒရုပ်မှာလဲ အထောက်အပံ့တွေ မနည်းဘူး၊ အများကြီး။ စက္ခုပသာဒရုပ်မှာလဲ ပထဝီရှိတယ်၊ အာပေါရှိတယ်၊ တေဇောရှိတယ်၊ ဝါယောရှိတယ်၊ ဝဏ္ဏရှိတယ်၊ ဂန္ဓရှိတယ်၊ ရသရှိတယ်၊ ဩဇာရှိတယ်။

၁။ ပထဝီ

၂။ တေဇော

၃။ ဝါယော

၄။ အာပေါ—ဆိုတဲ့ ဓာတ်လေးပါး။

၁။ ဝဏ္ဏ

၂။ ဂန္ဓ

၃။ ရသ

၄။ ဩဇာ—ဆိုတဲ့ ရုပ်လေးပါး။

လေးခု နှစ်လီ ပေါင်းတော့ ၈-ခု၊ အဲဒါကို "အဋ္ဌကလာပ" အဋ္ဌကလာပ-ရုပ်ရှစ်မျိုးရဲ့ အစုအပေါင်း။

အဲဒီ အဋ္ဌကလာပဆိုတဲ့ ရုပ်ရှစ်မျိုးကို ကိန်းပြီးတော့ ထားတာက ဘာလဲလို့ဆိုယင် "ဇီဝိတိန္ဒြေ"

"ဘာတဲ့"

"ဇီဝိတိန္ဒြေပါဘုရား"

ဇီဝိတရုပ်လို့လဲ ခေါ်ပေါ့၊ဇီဝိတရုပ်တခုကို ဖယ်လိုက်ယင် ဟို ပထဝီ ဘယ်လောက်ပဲ အားကောင်းအားကောင်း စက္ခုဝိညာဏ် မှီလို့မရဘူး။

ဇီဝိတရုပ်တခုကို နုတ်လိုက်ယင် တေဇောတွေ အာပေါတွေ ဝါယောတွေ ဝဏ္ဏ ဂန္ဓ ရသ ဩဇာတွေ ဘယ်လောက်ပဲ ကောင်းနေနေ ဇီဝိတိန္ဒြေဆိုတဲ့ ရုပ်ကလေးတခုကို ဖယ်လိုက်တာနဲ့ ဟိုရုပ်တွေဟာ အကုန် အသေချည်း ဖြစ်ကုန်တယ်။

ဇီဝိတရုပ်ကလေးတခုကို ဖယ်လိုက်ယင် ကျန်တဲ့ရုပ်တွေ အကုန် သေကုန်တော့ အဲဒီအပေါ်မှာ မှီရမယ့် ဝိညာဏ်ကလေး လဲပဲ မှီရာမရတော့ဘူး၊ အကြောင်းတခု ချွတ်ယွင်းယင် အကျိုးတွေ ဆက်တိုက် ဆက်တိုက် ချွတ်ယွင်းပြီးတော့ ပျက်စီးပြီးတော့ သွားတယ်။

ဩော်....သန္တတတရားတွေဟာ အချင်းချင်း အချင်းချင်း မှီပြီးတော့ နေလိုက်တာ နည်းတာမှ မဟုတ်ပဲလို့ ဘုန်းကြီးတို့ ပရိသတ်များ ဒီလို သဘောကျအောင် စဉ်းစားနော်။

ဝိညာဏ်တလုံးပေါ်ဖို့ရန် အကြောင်းတရားများ

ဟို–မြင်သိစိတ်ဆိုတဲ့ စက္ခုဝိညာဏ်တလုံးကိုပဲ ကြည့်ကြည့်ဦး၊ မြင်သိစိတ်ဆိုတဲ့ စက္ခုဝိညာဏ်ကို ကြည့်လိုက်တော့ ဘုန်းကြီး ပြောတာကတော့ စက္ခုဝိညာဏ်ဖြစ်တယ်လို့ ခုနက ပြောလိုက်တယ်နော်။

အဲဒီ စက္ခုဝိညာဏ် ပေါ်လာအောင် အနီးကပ် ကျေးဇူးပြုတဲ့ ''နာမ်'' ပိုင်းက ဘယ်သူလဲဆိုတော့ ''ဖဿ''၊ဖဿလေးက

အဲဒီ ဝိညာဏ်ကို ရူပါရုံနဲ့လဲ ဆုံပေးတယ်၊ စက္ခုပသာဒရုပ် အပေါ်မှာလဲ အသေအချာ မြင်အောင် သူက တည့်ပေး ထားတယ်။

ဖဿက ဟိုဘက် သည်ဘက် အကုန်လုံး ဆုံပေးထားတယ်၊ ဖဿက ဆုံပေးထားတယ်။ မနသိကာရကတည့်အောင် ချိန်ပေး ထားတယ်၊ ဆလိုက်မီးနဲ့ ဖလင်ပြား ချိန်ပေး ထားသလိုပဲ၊ မနသိကာရကလဲ ချိန်ပေးထားတယ်။

မနသိကာရက ဘယ်လိုပင်ချိန်ပေးထား ပေးထား တည့်နေ ပေမယ့် မကြည့်ချင်ဘူးဆိုယင် ဘာတတ်နိုင်မှာလဲ။ အဲဒီတော့ "စေတနာ" က ကြည့်ဖြစ်အောင် ကြည့်လိုက်ပါ၊ ကြည့်ဖြစ် အောင် ကြည့်လိုက်ပါလို့ စေတနာကလဲ အလုပ်လုပ်တယ်။

(၁) ဖဿ
(၂) မနသိကာရ
(၃) စေတနာ

"ဘယ်နှစ်လုံး ရသွားလဲ"
"သုံးလုံးရပါဘုရား"

စိတ်ကို အားပေးတဲ့ တရားတွေ၊ စိတ်မှာ အနီးကပ် အား ပေးနေတဲ့ အကြောင်းတွေပေါ့။

ဖဿက အကုန်လုံးကို ဆုံစည်းပေးတယ်၊ ဆုံမိတာကို ဝန်ဝိဘာကျ တည့်တည့်ကလေး ဖြစ်လာအောင် မနသိကာရက ချိန်ပေးတယ်၊ စေတနာက ဟောဒီအဆင်းကို ကြည့်ဖြစ်အောင် ကြည့်ပါလို့ နှိုးဆော်ပေးတယ်၊ တိုက်တွန်းပေးတယ်။

အေး...မနသိကာရက ချိန်ပေးတယ်။

စေတနာက ကြည့်ဖြစ်အောင်လို့ နှိုးဆော်ပေးတယ်။

ဖဿက ဒီအကြောင်းတွေကို အကုန်လုံး ဆုံပေးထားလိုက်တယ်။

ဝိညာဏ်တလုံးရဲ့ အနီးကပ် အကြောင်းတွေက ဘုန်းကြီးတို့ ပရိသတ်များ ကြည့်လိုက်စမ်း။ ဖဿရှိတယ်, မနသိကာရရှိတယ်, စေတနာရှိတယ်။

"ဘယ်နှစ်လုံး ရ"

"သုံးလုံး ရပါဘုရား"

ဒီပြင် ဒီပြင် အကြောင်းများစွာတွေထဲက ဒီသုံးလုံးဟာ ဝိညာဏ်တခု တခုမှာ နီးကပ်စွာ ကျေးဇူးပြုနေတဲ့ တရားသုံးလုံးပဲ၊ ဝိညာဏ် တခု တခု ပေါ်ဖို့ရန်အတွက် အနီးကပ် ကျေးဇူးပြုပြီးတော့ ထောက်ပံ့နေတဲ့ တရားသည်....

(၁) ဖဿ

(၂) မနသိကာရ

(၃) စေတနာ

အေး....ဒီတရားသုံးလုံးက အနီးကပ် ကျေးဇူး ပြုတော့ ဟိုမှာ ဝိညာဏ်ကလေးက ပေါ်ရတယ်၊ ဟုတ်လား၊ အဲဒီ ဝိညာဏ်ရဲ့ အနီးကပ်ပြီးတော့ ကျေးဇူးပြုပေးနေတာ။

အနီးကပ်ပြီး ထောက်ပံ့နေမှု

အလွန်တရာ ကြီးမားလှစွာသော အရာရှိကြီး ကြီး တို့ရဲ့ နောက်နားက နေပြီးတော့ ဟို P.A (ပီအေ) ဆိုတဲ့ ပုဂ္ဂိုလ်လေးက ငိုင်းပြီးတော့ "ဆရာ....ဒါလေး လိုသေးတယ်၊ ဆရာ-ဒါလေး လိုသေးတယ်" ဆိုတာလိုပေါ့။

အနီးကနေ *P.A* (ပီအေ) တွေက ဝိုင်းထောက်ပံ့လိုက်တော့ နောက်ဆုံး အဲဒီ အကြီးကြီး ပုဂ္ဂိုလ်ကြီးက လက်မှတ်ကလေး ထိုးရုံပဲ၊ လက်မှတ်ထိုးဖို့ရန် စာရွက်တွေ ကလောင်တွေ ဘာ တွေ စာမူတွေကို အနီးက အကုန်ပြင်ပေးကြတာ။

အနီးက အကုန်ပြင်ဆင်ပေးတဲ့ ပုဂ္ဂိုလ်တွေဟာလဲ ပြင်ဆင် ပေးတဲ့အပိုင်းမှာ သိပ်အရေးကြီးကြတယ်၊ သူတို့ စနစ်တကျ ပြင်ဆင်ပေးမှ ဟိုလက်မှတ်ထိုးတဲ့ပုဂ္ဂိုလ်က အောင်မြင်တာ။

အနီးကပ် ပြုပြင်ပေးတဲ့ ပုဂ္ဂိုလ်တွေက စနစ်မကျယင် ဟိုလက်မှတ်ထိုးရုံ ထိုးတဲ့ ပုဂ္ဂိုလ်ဟာ ဒါတာလွဲကြီး ဖြစ်သွား တယ်။ မဝိုးတို့ ဘယ်လောက်ပဲ ပြင်ပေးပေးကွာ၊ ငါလက်မှတ် မထိုးဘူးဆိုလဲ ဘာမှမတတ်နိုင်ဘူး၊ ဟုတ်တယ်မဟုတ်လား။

အေး....ဒီတော့ ဖဿတို့ စေတနာတို့ မနသိကာရတို့ ဆိုတာ ဟာ ဝိညာဏ်တည်းဟူသော ရှင်ဘုရင်ကြီး ရူပါရုံကို သိမြင်ဖို့ရန် သိနိုင်ဖို့ရန် အနီးကပ်ပြီးတော့ အထောက်အပံ့ပေးနေတဲ့ *P.A* (ပီအေ) တွေပဲလို့ သဘောကျ၊ ဟုတ်လား၊ ပါဆင်နယ် အဆက်(စ်)စတင့် (*Personal Assistant*)ဆိုတာ သူတို့ပဲ။

ဝိညာဏ်က ရှင်ဘုရင်၊ ဖဿ စေတနာ မနသိကာရတို့က အနီးကပ် အထောက်အပံ့ပြုနေတဲ့ ကိုယ်ရေးအရာရှိတွေ သူတို့က ဟုတ်ရဲ့လား။ ဖဿကို ဖယ်လိုက် သိလို့မရဘူး၊ စေတနာကို ဖယ်လိုက် သိလို့မရဘူး၊ မနသိကာရကို ဖယ်လိုက် သိလို့မရဘူး။

အေး...ဒီကကုန်းကြီးတို့က သခင်ရှဲသဘောကို ပြော တာနော်၊ သပ်ဟင့် ဘာကြောင့် ခေါ်သလဲ။ အကြောင်း တရားများစွာ ပေါင်းစုပြုလုပ်သွားလို့ သခ်တခေါ်တာ။

အကြောင်းတရားတွေ ပေါင်းစုပြုပုံကို ကြည့်လိုက်တော့ ဟို... ရုပ်ဘက်မှာလဲ နည်းတဲ့ အကြောင်းတွေ မဟုတ်ဘူး၊ နာမ်ဘက်မှာလဲ အကြောင်းတွေ အများကြီးပါတယ်။

## ဓာတ်ကြီးလေးပါး သဘောလက္ခဏာ

ရုပ်ဘက်က အကြောင်းတော့ ခုနက ဘုန်းကြီးတို့ (၉)ခု ပြောထားခဲ့တယ်။

(၁) ပထဝီ (၂) အာပေါ

(၃) တေဇော (၄) ဝါယော

ပထဝီဆိုတာက "အမာခံ" လေး ရှိရတယ်၊ အဲဒီ "အမာခံ" လေးကို "အပူငွေ့" ကလေးနဲ့ ထိန်းထားရတယ်၊ "အပူငွေ့" ကလေး တေဇောဓာတ်ဆိုတာက အထိန်း။

ရေခဲသေတ္တာထဲ အသားတွေများ ထည့်ထား၊ ၂၄-နာရီ တော့ အနည်းဆုံးနေတာပဲ၊ ရေခဲသေတ္တာဆိုတာ သာမန်အားဖြင့်ကြည့်ယင် အေးတယ်လို့ ဆိုရပေမယ့် အဲဒါ တေဇောပဲ၊ အေး....ဒီတော့ ခိုင်မာမှုဆိုတဲ့ ပထဝီကို ဟိုက တေဇောဆိုတဲ့ အငွေ့ကလေးနဲ့ ထိန်းထားတာ၊ ဟုတ်လား။

ထိန်းပေးထားတော့ ခြောက်ခြောက်သွေ့သွေ့ကြီး ဖြစ်နေလို့ရှိယင်လဲပဲ ဘယ်လိုလုပ်ပြီး လှုပ်ရှားလို့ရမှာလဲ၊ ခြောက်ခြောက်သွေ့သွေ့ကြီးဆိုယင် လှုပ်ရှားလို့မရတော့ "အစေးဓာတ်–အဆီဓာတ်" ကလေး ထည့်ရတယ်။

မော်တော်ကားများ ဝင်ရိုးတွေ ဘာတွေ ညာတွေမှာ ဆည့်လိုက်ရတဲ့ ဆီတွေ နည်းတာမှမဟုတ်ပဲ၊ အချောက်ထိုက်

ဆိုလိုရှိယင် ဟောဒီစက်တွေ ဘယ်လိုမှ လည်လို့ မဖြစ်ဘူး။ အကုန် မီးတောက်ကုန်မယ်၊ ဟုတ်လား။

အဲဒါကြောင့် ဆီလေးထည့် ဝင်ရိုးတွေထဲ ဘာထဲ ဟို.... ဘယ်ယာရင်ခေါ်တဲ့ဥစ္စာတွေပျော့်မကျအောင် အင်ဂျင်ဝိုင်ထည့် ရမဟုတ်လား၊ အမဲဆီလေး ဘာလေး ထည့်တော့ ချောလို့၊ မပျော့်ဘူး။

ဒီတော့ ခိုင်မာမှု အားကောင်းအောင် ဘာလဲ တေဇော ဆိုတဲ့အပူငွေ့လေးနဲ့ ထိန်း၊ အပူတွေလွန်ပြီးတော့ လောင်မသွား အောင် အာပေါဆိုတဲ့ အစေးဓာတ်ကလေး ထည့်၊ အဲဒါလှုပ် လို့ကောင်းအောင် ဆိုပြီးတော့ ဝါယောထည့်၊ ဝါယောမပါ ယင်လဲ လှုပ်ကိုမလှုပ်ဘူး။

မျက်လုံးအိမ်လေး ကြည့်ပါလား။ အနက်အိမ်လေး ဟိုဘက် ဒီဘက် ပြေးနေတာ ဝါယောကြောင့် ပြေးနေတာ၊ အဲဒီလို လှုပ်လှုပ်လှုပ်လှုပ်နဲ့ ဝါယောကလေးက တပါတည်း ထည့်ပေး လိုက်တော့ အမာခံလေးပေါ်မှာ တေဇောရယ် ဝါယောရယ် အာပေါရယ် ဒီ သုံးခုက တည်ပြီးတော့ မျက်လုံးလေးက ဟိုဘက် ဒီဘက် လှုပ်လှုပ် လှုပ်လှုပ်နဲ့ ဒီလိုနေတယ်မဟုတ်လား။

(၁) ဝါယောက—လှုပ်ရှားစေတယ်။

(၂) ပထဝီက—ခိုင်မာစေတယ်။

(၃) တေဇောက—အဲဒါတွေကို ကြာရှည်ခံအောင် အပူငွေ့ကလေးနဲ့ ထိန်းပေးထားတယ်။

(၄) အာပေါက—ပထဝီ တေဇော ဝါယော အဲဒီ သုံးခုကို အကုန်လုံး တွဲစပ်နေအောင် သူတို့က ဖွဲ့စည်းပေးထားတယ်။

အဲဒီ လေးခု ပေါင်းမိပြီဆိုတဲ့ အခါကျတော့....

(၁) အရောင်ရှိတယ်—ဝဏ္ဏ
(၂) အနံ့ရှိတယ်—ဂန္ဓ
(၃) အရသာရှိတယ်—ရသ
(၄) အဆီလဲရှိတယ်—ဩဇာ

ပေါင်းလိုက်တော့(၈)ခု၊ အဲဒီ ၈-ခုဟာ ဘယ်လိုပဲပေါင်းထားထား "ဇီဝိတ" ဆိုတာသာ မရှိယင် အသေပဲ။ ရုပ်ဇီဝိတလေးကို (၉) ခုမြောက် ထည့်လိုက်တဲ့ အခါကျတော့ အထိန်းရလာတယ်။

## ဇီဝိတရဲ့လက္ခဏာ

အဲဒီအခါကျတော့မှ "ဇီဝိတ နဝကကလာပ" လို့ အဘိဓမ္မာကျမ်းက ခေါ်လိုက်တယ်။

အဲဒီ ဇီဝိတကို ဘယ်သူကပေးတုံးဆိုယင် ကံက ပေးတာ၊ ဒီ ဇီဝိတကို တိုက်ရိုက် ပေးလိုက်တာဟာ ကံတရားက ပေးလိုက်တာ၊ ဇီဝိတပေါ်မှာ ယခုနက ရုပ်(၈)မျိုးက မှီရတာ။

ဇီဝိတက အထိန်း။

ဇီဝိတကို ဖြစ်စေတာက ကံတရား။

ကံက ကျေးဇူးပြု ဇီဝိတပေါ်လာ၊ ဇီဝိတဆိုတာ "ရုပ်" ဇီဝိတ တမျိုးကို ပြောတာ၊ ဇီဝိတရဲ့လက္ခဏာကို မှတ်ရမှာက

"အနုပါလနလက္ခဏာ" ရှိတယ်တဲ့၊ သူနဲ့ တွဲနေတဲ့ ယှဉ်နေတဲ့ ရုပ်အားလုံးတို့ကို မပျက်စီးရအောင် စောင့်ရှောက်တဲ့ လက္ခဏာ သည် ဇီဝိတရဲ့လက္ခဏာ၊ "အနုပါလနလက္ခဏာ"

အဲဒါ အရပ်ထဲ လွယ်လွယ်ခေါ်တော့ "အသက် အသက်" လို့ ခေါ်တာ ဒီရုပ်ကို ခေါ်နေတာ၊ ရုပ်တမျိုးပဲ၊ အနုပါလန လက္ခဏာ–စောင့်ရှောက်ခြင်းလက္ခဏာရှိတာက ဇီဝိတရုပ်ပါ။

ဘယ်သူ့ကို စောင့်သလဲ၊ ပထဝီကို စောင့်တယ်၊ အာပေါ ကိုစောင့်တယ်၊ ဝါယောကို စောင့်တယ်၊ တေဇောကို စောင့် တယ်၊ ဝဏ္ဏ–အရောင်မပျက်အောင် စောင့်တယ်၊ ဂန္ဓ–အနံ့ မပျက်အောင်စောင့်တယ်၊ ရသ–အရသာမပျက်အောင် စောင့် တယ်၊ ဩဇာ–အဆီအစေးတွေ (ဩဇာ)တွေ ၊မပျက်အောင် စောင့်တယ်။

ဒီရုပ်(၈)မျိုးကို စောင့်ရှောက် ထိန်းကျောင်းပေးထားတာ က ဇီဝတရုပ်။

"ကိုးခု ဖြစ်ကရော မဟုတ်လား"

"ကိုးခုပါဘုရား"

အဲဒီရုပ်(၉)မျိုး အားကောင်းပြီး တောင့်တင်းပြီး ခိုင်မာ ပြီဆိုတော့မှ ဒီအပေါ်မှာ ဝိညာဏ်က တက်ပြီးတော့ ရပ်တာ၊ ဟုဘ်သား၊ ဝိညာဏ်က တက်ပြီးတော့ ရပ်တော့ သူ့အနားက ကိုယ်ရေးအရာရှိသည် ပါလာတယ်၊ ခုနက သုံးခုပြောထား ပြီးပြီ။

(၁) မနသိကာရ

(၂) ဖဿ

(၃) စေတနာ

အရေးအကြီးဆုံး စေတသိက်များကို ဘုန်းကြီးတို့ပြောပါတယ်၊ စေတသိက်တွေ များစွာရှိတဲ့အထဲက နိုးကပ်စွာ ကျေးဇူးပြုတဲ့ စေတသိက်သုံးခုဟာ ဒါပဲ။

အကြောင်းတရားတခု ပျက်စီးယင်

ရုပ်ပိုင်း အကြောင်းတရားတွေ များစွာ ပေါင်းစုပြီးတော့ ထားတယ်၊ နာမ်တရားပိုင်း အကြောင်းတရားတွေ များစွာ ပေါင်းစုထားတယ်၊ ဟုတ်လား၊ အဲဒါ....

ပစ္စယေဟိ၊ အကြောင်းတရားတို့သည်။ သံ။ အညီအညွတ်။ ကတော၊ ပြုလုပ်ထားတာ။

အဲဒါ သင်္ခတပဲ။

အကြောင်းတရားတို့သည် များစွာ ယခုလို ပေါင်းစုပြီးတော့ ပြုထားတဲ့ တရားကို "သင်္ခတ"၊ အဲဒီအထဲက အကြောင်းတခုခုကို နုတ်လိုက်စမ်း အကုန်လုံး ပြိုကျသွားရော၊ ဇီဝိတရုပ် တခု ဖယ်လိုက်၊ ဟိုမှာ ရုပ်တွေ အကုန် သေရော။

ဇီဝိတရုပ်တခု ဖယ်လိုက်တာနဲ့ပဲ ရုပ်တွေ အကုန် သေသွားတော့ အဲဒီရုပ်အပေါ်မှာ မှီနေတဲ့ အခုနက ဝိညာဏ်လေးကော မှီစရာ ရဦးမလား၊ မရနိုင်တော့ဘူး၊ ပန်းအိုးကြီး ကွဲတော့ ပန်းပင်ကြီး လဲတာပေါ့နော်။

ဇီဝိတကတော့ မပြယ်ဘူးထား၊ ဒါပေမယ့် တခါတခါကျတော့ ပထဝီက ပျက်စီးသွားတယ်၊ ပထဝီဆိုတဲ့ အမာခံလေး ပျက်စီးသွားတော့ သူ့မှီနေတဲ့ ကျန်တဲ့ရုပ်တွေ မှီစရာ မရတော့ဘူးလဲဆိုရော ဟို-ဇီဝိတကလဲ စောင့်ရှောက်စရာ မရှိမြန်ဘူး။

ဘုန်းကြီးတို့ပရိသတ်များ အချင်းချင်း ကျေးဇူးပြုပြီးတော့ နေတဲ့သဘောနော်။

တခါတခါကျပြန်တော့လဲ တေဇောတွေက သိပ်ပြီးတော့ လွန်တော့ ဘာဖြစ်လာသလဲ၊ အကုန်လုံး လောင်ပစ်လိုက်ပြန် ရော၊ အာပေါတွေက သိပ်လွန်တော့လဲ သိပ်ဖွဲ့လို့ တင်းကြပ်နေပြန်ရော၊ တခါတခါ အဖွဲ့မရှိတော့လဲ ဘာဖြစ်လာလဲ အကုန်လုံး ယိုစီးကျကုန်ပြန်ရော။

ဥပ္ပါဒ ဘာကြောင့်ဖြစ်

အဲဒါကြောင့် အကြောင်းတရားတခု ပျက်စီးယင် အကျိုးတရားများစွာ ပျက်စီးကြတယ်၊ အကြောင်းတရားတို့ ညီညွတ်နေသော ကာလဟာ မှတ်သားလိုက်ပေတော့ "ဥပ္ပါဒ"၊ အကြောင်းတရားအားလုံး ညီမျှနေသောကာလသည် "ဥပ္ပါဒ"

ဥပ္ပါဒေါ ပညာယတိ–

အကြောင်းတရားတွေ ညီမျှနေသော ကာလမှာ ဥပ္ပါဒ လက္ခဏာ ထင်တယ်။

ဘုန်းကြီးတို့ပရိသတ်များ ရှုရမယ့် သခ်တရယ် သခ်တရဲ့လက္ခဏာရယ်၊ သခ်တ ဆိုတာ အခုပြောနေတဲ့ စိတ် စေတသိက် ရုပ်တွေကို ပြောနေတာ၊ အဲဒီ စိတ် စေတသိက် ရုပ်တို့ရဲ့ အကြောင်းတရား ညီညွတ်လို့ ဖြစ်ပေါ်လာတာ "ဥပ္ပါဒ"

ဥပ္ပါဒေါ၊ အကြောင်းတရားတွေ ညီညွတ်သောကာလမှာ ဖြစ်တယ်ဆိုတဲ့ ဥပ္ပါဒသဘောသည်။ ပညာယတိ၊ ကောင်းစွာ မသေချ ထင်တင်ရှားရှားကြီး ရှိနေခဲ့ပါပေသတည်း။

"သာဓု...သာဓု...သာဓုပေါ်ဘုရား။"

ဥပ္ပါဒ ဘာကြောင့်ဖြစ်ဆိုတာ သဘောရပြီ၊ အကြောင်းတရားတွေညီညွတ်လို့၊ ဥပ္ပါဒဆိုတာ ဘာကြောင့် ပေါ်ရတယ်ဆိုယင် မှတ်ပါအကြောင်းတရားတွေ ညီညွတ်လို့နော်၊ညီညွတ်လို အဲဒါကို ဘုန်းကြီးတို့ စာပေစကားနဲ့ပြောရယင် "သမ" ဖြစ်လို့၊ နောက်တမျိုး ပြောရဦးမယ် "အနုလောမ" ဖြစ်လို့။

## သမ နဲ့ အနုလောမ

သမနဲ့ အနုလောမဟာ အတူတူပါပဲ။

အကြောင်းတရားတွေ ညီညွတ်နေတယ် "သမ" ထိုညီညွတ်တဲ့အကြောင်းတရားတို့က အကျိုးဖြစ်ဖို့ရန် ဆီလျော်တယ် သင့်လျော်တယ် "အနုလောမ"၊ ဟုတ်လား။

အကြောင်းတရားတွေ ညီညွတ်တာ "သမ"

ညီညွတ်တဲ့ အကြောင်းတရားများက အကျိုးဖြစ်ဖို့ရန် သင့်လျော်တာက "အနုလောမ"

ထို သမ အနုလောမ ကာလမှာ ဘုန်းကြီးတို့ ပရိသတ်များ "ဥပ္ပါဒ" ထင်တယ်၊ ဥပ္ပါဒလက္ခဏာကို ပိုင်ပိုင်ကြီးထင်ဖို့ရန် အကြောင်းတရားတို့ရဲ့ "သမ" ဖြင်ပုံ "အနုလောမ" ဖြင်ပုံကို ပိုင်အောင် ရှုလိုက်။

အကြောင်းတရားတို့၏ သမဖြင်ခြင်း၊ အနုလောမဖြင်ခြင်းကို ပိုင်အောင်ရှုယင် သစ္စာတို့ရဲ့ ဥပ္ပါဒဆိုတာ အကြောင်းတရားတွေ ပေါင်းစုဘာပဲလို့ နားလည်သွားတယ်။

ဘုန်းကြီးတို့ပရိသတ်များ အဲဒီအချိန် ရေမှော်တွေလဲ ကုန်သွားပြီ၊ အနယ်တွေလဲ ထိုင်တော့မလို ဖြစ်လာတယ်။

အနယ်ထိုင်လုလု ဖြစ်လာပြီ၊ ရေကို ဖောက်ထွင်းပြီးတော့ ရေအောက်မှာ ငါး လိပ် မကန်း ဘာညာ ရှိတယ်ဆိုတာကို မြင်ဖို့နီးစပ်လာတယ်၊ နောက်တကြိမ် ထပ်ပြီးတော့ ရှုလိုက်စမ်းပါ။

အညထတ္တံ ပညာယတိ–တဲ့
ဒုတိယ လက္ခဏာက အညထတ္တံ၊
အညထတ္တဆိုတာ တမျိုးပြီး တမျိုး တမျိုးပြီးတမျိုး။

ခုနက အကြောင်းတရားတွေ ညီနေတယ် သမ အနုရောဓ၊ ညီညွတ်နေတယ် သမ၊ သင့်လျော်တယ် ဆီလျော်တယ် အနုရောဓ၊ ခုပဲ ညီညွတ်နေတယ်၊ ခုပဲ မညီညွတ်ပြန်ဘူး၊ ခုပဲ သင့်လျော်နေတယ်၊ ခုပဲ မသင့်ပြန်ဘူး၊ အဲဒါ တမျိုးပြီး တမျိုး ဖြစ်ကြတာ။

ဘုန်းကြီးတို့ ဟောဒီပလ္လင်ပေါ် တက်လာ၊ တက်လာပြီးတော့ ရေ လေးခါလောက် သောက်လိုက်တယ်၊ ပရိသတ်ကတော့ သတိထားမိချင်မှ ထားမိမယ်၊ ဘာဖြစ်လို့လဲဆိုတော့ လည်ချောင်းထဲက ယားတာကို။

ဒီတရားပွဲ ငါဟောလို့ ဖြစ်ပါ့မလား၊ ဘာပူစရာရှိလဲကွာ လည်ချောင်း ဘယ်လောက်ပဲယားယား ဆရာဝန်တွေရှေ့ ဟောရတာ ဟာ....တခါတည်း သမ အနုရောဓ ဖြစ်သွားတာပဲ၊ ဟုတ်လား။

လည်ချောင်း ဘယ်လိုပဲ နေနေ ဆရာဝန်တွေနဲ့ ဟောရတာ ဆရာဝန်နဲ့ လည်ချောင်းနဲ့က သမဖြစ်သွားတော့ အမယ်.... လည်ချောင်းယားတာ ပျောက်သွားရော၊ ဟုတ်လား၊ အနု

ရောခ သဘောလေးပေါ့နော်၊ ဝိရောဓသောဆိုယင် အဲဒီ လည်
ချောင်း ကွဲချင်ကွဲသွားလိမ့်မယ်။

## ဝိသမ နဲ့ ဝိရောဓ

ဆရာဝန်အရှိန်များ ပြင်းလိုက်တာ လည်ချောင်းယားတာ အလိုလို ပျောက်သွားတယ်၊ ဆေးတောင် တလုံးမှ မထည့်ရသေးဘူး။

သမရဲ့ သဘောလေးကို အကဲခတ်၊ လည်ချောင်းယားတာ ဘာဖြစ်လို့လဲ စဉ်းစားတော့ တေဇော ဝါယော ပဲ၊ ဒီနှစ်ခု လွန်ကဲတာ၊ တေဇောနဲ့ ဝါယော လွန်ကဲတာကို နောက်တမျိုး ပြောရအောင် "ဝိရောဓိ" ဖြစ်တာ၊ ဆန့်ကျင်တယ်နော်။

မညီညွတ်တာကျတော့ "ဝိသမ" လို့ ပြောတယ်၊ တေဇော ဝါယော ညီညီမျှမျှ မဖြစ်ဘူး၊ မညီမမျှ ဖြစ်နေတာ "ဝိသမ" မညီမျှတဲ့ တေဇော ဝါယောဟာ ဒီအသံနဲ့ ဆန့်ကျင်တယ်၊ "ဝိရောဓိ" အသံကိုက တေဇော ဝါယော ဖောက်ပြန်တော့ မကောင်းဘူး "ဝိသမ"ဖြစ်ယင် "ဝိရောဓိ" လဲ ဖြစ်ပြီပေါ့။

ဒီတော့ တေဇော ဝါယော ငြိမ်ဖို့ အကောင်းဆုံးကတော့ အာပေါပဲ၊ တေဇော ဝါယော ငြိမ်အောင် ဘာလုပ်လဲဆိုတော့ ဟောဒီမှာ ရေသုံးခွက်လောက် သောက်လဲချလိုက်ရော တေဇောလဲ ငြိမ်သွားတယ်၊ ဝါယောလဲ ငြိမ်သွားတယ်။

အဲဒါကြောင့် "သီတဂူ ရေအလှူ" ထည့်ယင် ပိုတောင် ငြိမ်လိမ့်ဦးမယ်၊ ဟုတ်လား။

အဆင်ပြေလိုက်တာ "သမ" နဲ့ "ဝိသမ" ဆိုတာ ဒီလို သွားကြတာ၊ ဟုတ်လား၊ သီတဂူဆိုတာ ဘုန်းကြီးတို့ပရိသတ် များ အဲဒါ ဓေတာဇော ဝါယော ငြိမ်ဖို့လုပ်တာ၊ ဟုတ်လား။

## သီတဂူ ဆိုတာကတော့

ဟောဒီမှာ စာရင်းစာရွက်က ရောက်လာတော့ ရေသုံးခွက် ကောက်သောက်လိုက်တယ်၊ စာရင်းစာရွက်က ဘယ်သူဘယ်သူ လှူထားတာ၊ အခုနက ကြေငြာပြီးသားပဲ။

သီတဂူဆိုတော့ သီတလ ဂုဏ၊ သီတလဂုဏမှာ သီတလက "လ" ကို ဖြုတ်၊ ဂုဏက "ဏ" ကြီးကို ဖြုတ်၊ "လ" နဲ့ "ဏ" ကို ဖြုတ်လိုက်တော့ အဲဒါ "သီတဂူ" ဖြစ်လာတယ်။

သီတလ – အေးချမ်းသော

ဂုဏ – ဂုဏ်

အေးချမ်းသော ဂုဏ်ရှိသော သီတဂူ ခေါ်တာ၊ သဒ္ဓမ္မပုဒ် ရှေ့က တပ်လိုက်တော့ "သဒ္ဓမ္မသီတဂူ" တဲ့၊ သူတော်ကောင်း တရားဖြင့် သို့မဟုတ် သူတော်ကောင်းတရားကြောင့် အေးချမ်း တဲ့ ဂုဏ်ရှိတယ်။

တနည်း သူတော်ကောင်းတရားဖြင့် အေးချမ်းရာသို့ သွားတဲ့ "ဂူ" ဆိုတဲ့ ပုဒ်ကလေးရဲ့ နောက်နားက "ဂုဏ်" လို့ မယူ ပဲနဲ့ "သွားတယ်" ဆိုတဲ့ အဓိပ္ပာယ်ယူယင်လဲပဲ တမျိုးရတယ်၊ "ပါရဂူ" ဆိုတာလိုပေါ့။

ပါရဂူမှာ "ပါရ" ရယ် "ဂစ္ဆတိ" ရယ် ဒီ နှင်ခုကနေ "ပါရဂူ" ဖြစ်လာတာ၊ "ပါရ" ကတော့ တဘက်ကမ်းပဲ၊

"ဂစ္ဆတိ" က သွားတာ၊ တဘက်ကမ်း ရောက်သွားတယ်၊ ဒါ "ပါရဂူ" ဟုတ်သား။

ဗုဒ္ဓပြောတဲ့ ပါရဂူဆိုတာ

တဘက်ကမ်းကို ဘုန်းကြီးတို့ ဘုရားရှင်ကိုယ်တော်မြတ်ကတော့ "နိဗ္ဗာန်ကိုတဘက်ကမ်း" လို့ ပြောတာ၊ အဲဒီ နိဗ္ဗာန်တည်းဟူသော တဘက်ကမ်းသို့ ရောက်သွားတာ....

ပါရံ ဘာဝသာ—

ဘာဝသာ၊ ဘာဝရှိ။ ပါရံ၊ တဘက်ကမ်းသို့။ ဂန္တုံ၊ သွားခြင်းငှာ။ သီလံ၊ အလေ့သည်။ ယဿ၊ အကြင်ပုဂ္ဂိုလ်မှာ။ အတ္ထိ၊ ရှိနေတယ်။

တဿ၊ ထိုသို့ တဘက်ကမ်းသို့ ရောက်အောင် သွားတတ်တဲ့ အလေ့အလာရှိသောကြောင့်။ သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ ပါရဂူ၊ ပါရဂူလို့ ခေါ်ပါတယ်။

သံသရာတဘက်ကမ်းသို့ ရောက် အောင် သွား လေ့ ရှိ တဲ့ ပုဂ္ဂိုလ်ကို "ပါရဂူ" လို့....

(၁) အဘိညာပါရဂူ
(၂) ပရိညာပါရဂူ
(၃) ပဟာနပါရဂူ
(၄) ဘာဝနာပါရဂူ
(၅) သစ္ဆိကိရိယာပါရဂူ—လို့

ပါရဂူ ငါးမျိုးကို "ကာမသုတ္တန်" ရဲ့ အဆုံးနားမှာ ဖွင့်ပြထားတာရှိတယ်။

ဆရာတို့လောက က "ပါရဂူ" ဆိုတာကိုတော့ ဘုန်းကြီးတော့ နားမလည်ဘူး၊ ဘုရားရှင်ကိုယ်တော်မြတ်ဟောတဲ့ ပါရဂူဆိုတာကတော့ နိဗ္ဗာန်သွားတဲ့လူကို "ပါရဂူ" လို့ ခေါ်တာ။

ဒီတော့ ပါရဂူမြောက်တဲ့ ဆရာကြီးတွေဆိုယင်တော့ ဘုန်းကြီးကတော့"ဩော် ဒီဆရာတွေနိဗ္ဗာန်သွားကြတာ"လို့၊ နိဗ္ဗာန်တည်းဟူသော တဘက်ကမ်းသို့ သွားကြတာလို့ ဒီလိုတော့ အဓိပ္ပာယ်ဖော်ပါတယ်၊ တကယ် ပေါ်-မပေါ်တော့ မပြောတတ်ဘူး။

ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ဝေါဟာရအတိုင်း "ပါရဂူ" ဆိုတဲ့ အမည်ကို တကယ်ရဖို့ရန်တော့ ဟိုဘက်ကမ်းရောက်အောင် သွားမှ၊ ဟုတ်လား၊ ဒီတော့ ဆရာတို့ ပါရဂူဘွဲ့ဟာ ဘုရားရှင်ကိုယ်တော်မြတ် ပေးတော်မူတဲ့ ပါရဂူဘွဲ့နဲ့ အတူတူဆိုယင်တော့ နိဗ္ဗာန်ရောက်အောင်လို့ အားထုတ်မှဖြစ်မှာ။

သံသရာတဘက်ကမ်းရောက်အောင် အားထုတ်မှ ဖြစ်မှာ၊ သံသရာတဘက်ကမ်း ရောက်ပြီဟော့ဆိုယင် အဲဒါ ပါရဂူပဲ၊ ဘုရားပေးတဲ့ ပါရဂူဘွဲ့။

## ပါရဂူဘွဲ့(၅) မျိုး

(၁) အဘိညာပါရဂူ – သစ္စာလေးပါး ထိုးထွင်းသိပြီးတော့ တဘက်ကမ်း ရောက်သွားတာ။

(၂) ပရိညာပါရဂူ – နာမ်ရုပ်တို့ရဲ့ အခု ပြောနေတဲ့ သင်္ခတတရားတို့ရဲ့ လက္ခဏာကို ပိုင်းခြားသိပြီးတော့ ဟိုဘက်ကမ်း ရောက်သွားတာ။

(၃) ဘာဝနာပါရဂူ – မဂ္ဂသစ္စာကို ပွားများပြီး လို့ မဂ်ဉာဏ်လေးပါး ရပြီးတော့ ဟိုဘက်ကမ်း ရောက်သွားတာ။

(၄) သစ္ဆိကိရိယပါရဂူ – နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး လို့ ဟိုဘက်ကမ်းရောက်သွားတာ။

(၅) ပဟာနပါရဂူ – ကိလေသာဆယ်ပါး ပယ်ပြီးလို့ ဟိုဘက်ကမ်းရောက်သွားတာ။

ပါရဂူ ငါးမျိုး၊ အဘိညာပါရဂူ, ပရိညာပါရဂူ, ဘာဝနာပါရဂူ, သစ္ဆိကိရိယပါရဂူ, ပဟာနပါရဂူ၊ သာသနာတော်က ပါရဂူဘွဲ့ကို ငါးမျိုးပေးတယ်။

အဘိညာပါရဂူဆိုတာက သစ္စာလေးပါးကို သိပြီးလို့ သံသရာတဘက်ကမ်း ရောက်သွားသူလို့ အဓိပ္ပါယ်ရတယ်။

ပရိညာပါရဂူဆိုတာ နာမ်ရုပ် နာမ်ရုပ်ရဲ့လက္ခဏာ အနှ ဟော နေတဲ့ သုတ္တန်နဲ့ကိုက်ညီအောင် ပြောရအောင် သင်္ခတ,အသင်္ခတ လက္ခဏာကို ပိုင်းခြားသိပြီးတော့ ဘာနဲ့ ပိုင်းခြားတုံးဆိုတော့ သင်္ခတ,အသင်္ခတ ဒီနှစ်ဝကို လက္ခဏာနဲ့တကွ ပိုင်းခြားသိပြီး တော့ ဟိုဘက်ကမ်း ရောက်သွားတာ ပရိညာပါရဂူ။

မဂ်ဉာဏ်လေးပါး မဂ္ဂသစ္စာ ပွားများပြီးလို့ ဟိုဘက်ကမ်း ရောက်သွားတော့ ဘာဝနာပါရဂူ။

နိဗ္ဗာန်ကို သေချာသိပြီးတော့ ဟိုဘက်ကမ်း ရောက်သွား တော့ သစ္ဆိကိရိယပါရဂူ။

ကိလေသာမဟ္မကို အကုန်ပယ်ပြီးလို့ သံသရာတဘက်ကမ်း ရောက်သွားတော့ ပဟာနပါရဂူ။

ပါရဂူ ၎ါးမျိုး—

ဒီကနေ့ ဘုန်းကြီးတို့ပရိသတ်အပေါင်း ယူမတော်ကောင်းတို့ ပါရဂူဟာ အဘိညာပါရဂူနဲ့ ပရိညာပါရဂူ ပဟာနပါရဂူဆိုတဲ့ အဲဒီ ပါရဂူသုံးမျိုး တချို့ချို့လောက်ဖြစ်ယင် တော်တော်ဟန် ကျမယ်။

အဘိညာ — သစ္စာသိ
ပရိညာ — သင်္ခတနဲ့ အသင်္ခတ ခွဲသိတယ်
ပဟာန — ကိလေသာကို ပယ်တယ်

သစ္စာကို သိတယ်၊ သင်္ခတနဲ့ အသင်္ခတကို သိတယ်၊ ကိလေသာကို ပယ်တယ်၊ အဲဒီ ပုဂ္ဂိုလ်ဟာ ပါရဂူဘွဲ့ ရတယ်။

ပါရဂူဘွဲ့ ဘယ်တက္ကသိုလ်မှာ သွားယူမလဲ

ကိုင်း....ပရိသတ်အပေါင်း သူတော်ကောင်းတို့ ပါရဂူဘွဲ့ ရအောင် အဲဒါ ဘယ်တက္ကသိုလ် သွားတက်ကြယင် ကောင်းမလဲ၊ အမေရိကသွားရ ကောင်းမလား။

"မရနိုင်ပါဘုရား"

"အမယ်.... တချို့ အမေရိကမှာ ပါရဂူဘွဲ့ ရတယ်.... တဲ့၊ ဒကာထွန်းကျော် မသိသေးဘူး....အမေရိက က ပါရဂူဘွဲ့ ရလာတာ ဒီအထဲ အများကြီး"

အဘိညာပါရဂူ, ပရိညာပါရဂူ, ပဟာနပါရဂူ, သစ္ဆိကိရိယပါရဂူ, ဘာဝနာပါရဂူ ဆိုတဲ့ ဒီပါရဂူဘွဲ့တွေ ရအောင် တခြားတခြား တက္ကသိုလ်ကော့ သွားပြီးတော့ တက်မနေကြပဲ ကိုယ့်တက္ကသိုလ်မှာ ကိုယ့်ဟာကိုယ်တက်ယင် ရတယ်။

မိမိတက္ကသိုလ်မှာ မိမိတက်ပြီးတော့ သင်တန်း ယူ....တဲ့၊ မိမိတို့ရဲ့ ဘဝတက္ကသိုလ်က ဘယ်မှာလဲဆိုတော့....

"ဣမသ္မိံ ဗျာမမတ္တေ ကဠေဝရေ သသညိမှိ သမနကေ"

ဗြဟ္မမတ္တေ၊ တလံမျှလောက်ရှိသော။ ဣမသ္မိံ ဗျာမ ကဠေဝရေ၊ ဤခန္ဓာကိုယ်ရုပ် အကောင်ပုပ်ထဲမှာပင်လျှင်။

တလံမျှလောက် ရှိတဲ့ ခန္ဓာကိုယ်ဟာ ဘုန်းကြီးတို့ပရိသတ်များ သင်လို့မဆုံးနိုင်တဲ့ ပညာရပ်တွေ စုဝေးနေတဲ့ အဲဒါ တက္ကသိုလ်ကြီးပေါ့။

အဲဒီ တလံမျှလောက်သော ခန္ဓာထဲ ဉာဏ်သွင်းလိုက်ယင် အဘိညာလဲ ဖြစ်နိုင်တယ်၊ ပရိညာလဲ ဖြစ်နိုင်တယ်၊ ဘာဝနာလဲ ဖြစ်နိုင်တယ်၊ ပဟာနလဲဖြစ်နိုင်တယ်။

"ဘယ်နှစ်မျိုးလဲ"

"လေးမျိုးပါ ဘုရား"

သစ္ဆိကိရိယကတော့ ခန္ဓာထဲ မရဘူး၊ သစ္ဆိကိရိယပါရဂူကတော့ ခန္ဓာရဲ့ အပြင်ဘက်မှာ ရှိတဲ့ အသစ္စာနိဗ္ဗာန်ကို မြင်တော့သူက သစ္ဆိကိရိယပါရဂူ ဖြစ်တယ်။

ဟောဒီ ခန္ဓာထဲ ဒုက္ခသစ္စာ မြင်အောင်ကြည့်၊ သမုဒယသစ္စာ မြင်အောင်ကြည့်၊ အဘိညာပါရဂူ ဖြစ်တယ်။ မဂ္ဂသစ္စာကို အသေအချာ သတိ ပညာနဲ့ ပွားများတော့ ဘာဝနာပါရဂူ ဖြစ်တယ်။ ကိလေသာကို ခန္ဓာမှာ ရှုပြီးတော့ ပယ်လိုက်တော့ ပဟာနပါရဂူ ဖြစ်တယ်။

## ပါရဂူဘွဲ့ ရယူလိုသူများ အတွက်

အဘိညာပါရဂူ, ပရိညာပါရဂူ, ပဟာနပါရဂူ, ဘာဝနာပါရဂူ အဲဒီ ပါရဂူလေးမျိုး ရအောင်တော့ ခန္ဓာထဲ ရှု၊ ဟုတ်လား၊ ပြန်ချုံ့လိုက်ရအောင် အဘိညာပါရဂူ, ပရိညာပါရဂူ, ပဟာနပါရဂူ, ဘာဝနာပါရဂူ ဖြစ်အောင် "သင်္ခတ"ကို ရှုရမယ်။

နောက်ပြီးတော့ သစ္ဆိကိရိယပါရဂူ ဖြစ်အောင်တော့ "အသင်္ခတ"ကို မြင်ရမယ်။

ဒါ ဘယ်က ထွက်သွားတဲ့ စကားလဲဆိုတော့ "သီတဂူ" က နေ "ပါရဂူ"ရောက်သွားတာ။

လည်ချောင်း ခုနက ယားတာ "သမ" မဖြစ်လို့"အနုရောဓ" မဖြစ်လို့၊ ဘာနဲ့ ဘာ ဆန့်ကျင်သွားသလဲဆိုတော့ ဝေဒနာနဲ့ ဝါယောကို ဆန့်ကျင်ပြီးတော့ ဟောဒီမှာ "သမ"မဖြစ် "အနုရောဓ"မဖြစ်၊ "ဝိသမ" "ဝိရောဓိ" ဖြစ်ပြီးတော့ နေကြတာ။

ဪတော့.... ပရိယတ်အပေါင်း ဘုန်းတော်ကြီးကျောင်းတို့အတွက် အခုနက ပြောခဲ့တဲ့ စကား ပြန်ပြီးတော့ သတိထား၊ မေ့မပစ်နဲ့။

"သမ" "အနုရောဓ" ဖြစ်စဉ်မှာ "ဥပ္ပါဒလက္ခဏာ"။

"ဝိသမ" "ဝိရောဓိ"ဖြစ်တဲ့အခါကျတော့ "အညထတ္တ"နဲ့ "ဝယလက္ခဏာ" ပါပါပဲ။

ပါရဂူဖြစ်ချင်တဲ့ ပုဂ္ဂိုလ်တွေ ဒီလက္ခဏာကို မိအောင် ဖမ်း၊ ဟုတ်လား၊ ပါရဂူဘွဲ့ကို အဲဒါမိယင် ရတယ်။ ဒါ....ဘုရားပေးတဲ့ ပါရဂူဘွဲ့။

သင်္ခတတရားတို့ရဲ့ "သမ" နဲ့ "အနုရောဓ" ဖြစ်တာကို မိအောင်ကြည့်တော့ "ဥပ္ပါဒလက္ခဏာ" ပေါ်လာတယ်၊ ထိုသင်္ခတ တရားတို့ရဲ့ "ဝိသမ" နဲ့ "ဝိရောဓိ" ဖြစ်တာကို မပြီ ဆိုတဲ့အခါ ကျတော့ သိပြီဆိုတဲ့အခါကျတော့ "အညထတ္တ" နဲ့ "ဝယ လက္ခဏာ" ဟုတ်ပလား။

အညထတ္တဆိုတာက တမျိုးပြီး တမျိုး၊ တမျိုးပြီး တမျိုး ဖြစ်နေတာ အညထတ္တ၊ နဂိုဖြစ်တဲ့အတိုင်း မနေပဲနဲ့ တမျိုးပြီး တမျိုး ပြောင်းပြောင်းနေတာကို အညထတ္တ။ ပြောင်းလဲမှု လေးတွေကို ဆက်ရှု၊ ဒီလိုဆိုလိုတယ်။

ဥပ္ပါဒ-ဖြစ်မှုကို တွေ့ပြီးယင် ဖြစ်တဲ့သဘောရဲ့ ပြောင်းလဲမှု ကို ကြည့်၊ ပြောင်းလဲမှုသည် ဘာလဲ အညထတ္တ၊ အဲဒါက သင်္ခတရဲ့ ဒုတိယလက္ခဏာ၊ ပြောင်းပြီးယင် ဘာဖြစ်လဲ ပျက်သွား တယ်ဆိုတာ နောက်နားရှိတယ်၊ ပျက်သွားတာက "ဝယလက္ခ ဏာ"။

## သင်္ခတရဲ့လက္ခဏာ(၃)ချက် မိအောင်ဖမ်း

ဒီတော့....

(၁) ဥပ္ပါဒ

(၂) ဝယ

(၃) အညထတ္တ၊ သုံးခု ရသွားတယ်။

ဥပ္ပါဒ–အကြောင်းတွေ ညီညွတ်လို့ ဖြစ်တဲ့သဘော။

အညထတ္တ–ညီညွတ်တဲ့ အကြောင်းတွေက မညီညွတ်မှုကြောင့် ပြောင်းတဲ့သဘော။

အဲဒီ မညီညွတ်မှုတွေ သိပ်အားကောင်းလာတယ်၊ လွန်ကဲလာတယ်၊ ဆန့်ကျင်လာတယ်ဆိုတဲ့ အခါကျတော့ ဘာဖြစ်လဲ ပျက်တဲ့သဘော၊ အဲဒါ ဝယ။

ဥပ္ပါဒ, အညထတ္တ, ဝယ သင်္ခတတရား အလုံးတိုင်း အလုံးတိုင်းမှာ အဲဒီ လက္ခဏာတွေဟာ အကုန်ရှိပါတယ်၊ ဟုတ်လား။

အဲဒါကို ဘုရားမြတ်စွာက ဟောထားတယ်။

ချစ်သားတို့—ပါရဂူ ဖြစ်ချင်ယင် ဒီလက္ခဏာ သုံးချက် မိအောင်ဖမ်းတဲ့၊ အဘိညာပါရဂူလဲ ဖြစ်နိုင်တယ်၊ ပရိညာပါရဂူလဲ ဖြစ်နိုင်တယ်၊ ဘာဝနာပါရဂူလဲ ဖြစ်နိုင်တယ်၊ ပဟာနပါရဂူလဲ ဖြစ်နိုင်တယ်။

ဒီ သင်္ခတလက္ခဏာ သုံးချက်ကို မိအောင်ဖမ်း၊ ပါရဂူဘွဲ့ လေးမျိုးတော့ ရပါလိမ့်မယ်။

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သားချစ်သမီးတို့။

သင်္ခတဿ၊ အသင်္ခတတရား၏။ လက္ခဏာနိ၊ လက္ခဏာတို့ သည်ကား။ ဣမာနိ တီဏိ၊ ဤသုံးမျိုးတို့ပါပေတည်း။

ကတမာနိ တီဏိ၊ အဘယ်သုံးမျိုးတို့နည်းဟူမူကား။

ဥပ္ပါဒေါ၊ သင်္ခတတို့ရဲ့ အကြောင်းတရားများ ပေါင်းစုမှုရဲ့ ညီညွတ်ခြင်းကြောင့် ဖြစ်ပေါ်လာသော ဥပ္ပါဒသည်။ ပညာယတိ၊ ထင်ထင်ရှားရှားရှိ၏။

အညထတ္တံ၊ ညီညွတ်တဲ့အကြောင်းတို့ မညီညွတ်ပြီ ဆိုတဲ့ အခါကျတော့ ညီညွတ်တဲ့ အကြောင်းတို့တွင် တခုခုက လွန်ကဲ တခုခုက ငလျော့ပြီဆိုတဲ့ အခါကျတော့....

ဘာဖြစ်လာလဲ၊ ပြောင်းသွားပြီ။

အညထတ္တံ၊ တမျိုးတဖုံ ပြောင်းလဲဖောက်ပြန်တဲ့ အညထတ္တသည်။ ပညာယတိ၊ ထင်ထင်ရှားရှား ရှိ၏။

ဝယော၊ လွန်ကဲမှုတွေနဲ့ လျော့ပါးမှုတွေကို ညီအောင်ပြန်ညှိလို့ မရတဲ့အတွက်ကြောင့် ပျက်စီးမှုဆိုတဲ့ ဝယလက္ခဏာသည်။ ပညာယတိ၊ ထင်ထင်ရှားရှား ရှိ၏။

ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင်ဘုရားရှင်သည်။ ကထေသိ၊ ကောင်းစွာမသွေ ဟောကြားတော်မူခဲ့ပါပေသတည်း။

"သာဓု...သာဓု....သာဓုပါဘုရား။"

## အသင်္ခတရဲ့သဘော

ဥပ္ပါဒရယ်, ဝယရယ်, အညထတ္တရယ် လက္ခဏာကတော့သုံးမျိုးပဲ၊ အခြေခံက နှစ်ခုတည်းရယ်၊ ဒီလက္ခဏာသုံးမျိုးရှုတဲ့အခါမှာ အခြေခံနှစ်ခု–

(၁) အကြောင်းတရားတို့ရဲ့ ညီညွတ်မှု

(၂) အကြောင်းတရားတို့ရဲ့ မညီညွတ်မှု

ဒါပါပဲ၊ အကြောင်းတရားတွေ ညီညွတ်နေယင် ဥပ္ပါဒ၊ အကြောင်းတရားတွေ မညီညွတ်ယင် အညထတ္တနဲ့ဝယ။

အဲဒါရှုနိုင်ယင် ဒါယကာကြီးတွေ ဒါယိကာမကြီးတွေ၊ ဆရာကြီးတွေ၊ ဆရာမကြီးတွေ အားလုံး ပါရဂူတွေ ရကြမှာပါ။

ကိုယ့်ဟာကိုယ် လေ့လာရတဲ့ သင်ရတဲ့ ပါရဂူ၊ ဘယ်မှာ လေ့လာရမလဲ၊ ခန္ဓာမှာ လေ့လာ၊ အဘိညာပါရဂူ ဖြစ်မယ်၊ ပရိညာပါရဂူ ဖြစ်မယ်၊ ဘာဝနာပါရဂူ ဖြစ်မယ်၊ ပဟာန ပါရဂူလဲ ဖြစ်ကြမယ် ဟုတ်လား။

သစ္စိကိရိယပါရဂူဘွဲ့ ရဖို့ရန်-

တိကမာနိ ဘိက္ခဝေ အသင်္ခတဿ အသင်္ခတလက္ခဏာနိ။

တဆင့်တက်ပြီးတော့ ဘုရားက ပေးတယ်။

ဘိက္ခဝေ၊ ရဟန်းတော်များ အို....ချစ်သားတို့။ အသင်္ခတဿ၊ အသင်္ခတတရားမှာ။ အသင်္ခတလက္ခဏာနိ၊ အသင်္ခတဆိုတဲ့ လက္ခဏာတို့သည်ကား။ ဣမာနိ တီဏိ၊ ဤ သုံးမျိုးတို့ပါပေတည်း။

အသင်္ခတတရားမှာလဲ လက္ခဏာသုံးမျိုး ရှိတယ်။

သင်္ခတနားလည်ယင် အသင်္ခတကို နားလည်ပြီလို့ ခုနက ပြောထားတယ်၊ အကြောင်းတရားတွေ ပေါင်းစုလို့ ဖြစ်တာ သင်္ခတဆိုတော့ အကြောင်းတရား လုံးဝကင်းပြီးတော့ ဖြစ်ခြင်း မရှိတာက အသင်္ခတ၊ အသင်္ခတက အကြောင်းလည်း မရှိဘူး၊ ဖြစ်လည်းမရှိဘူး၊ ဖြစ်မရှိယင် ပြောင်းမရှိဘူး၊ ပြောင်းမရှိယင် ပျက်မရှိဘူး။

ဖြစ်တာမရှိတော့ ပြောင်းတာလဲ မရှိဘူး၊ ပြောင်းတာ မရှိတော့ ပျက်တာလဲ မရှိဘူး၊ အဲဒီလို ဖြစ်ခြင်း ပြောင်းခြင်း ပျက်ခြင်း မရှိတာ ဘာကြောင့်လဲ၊ အကြောင်းကင်းနေလို့၊ အဲဒါ အသင်္ခတပဲ။

## အသင်္ခတဆိုတာ ဘာလဲ

အသင်္ခတဆိုတာ ဘာပါလိမ့်မလဲဆိုတော့ နိဗ္ဗာန်ကို ပြောတာနော်။

နိဗ္ဗာန်ကို ပြောတာဆိုတော့ "အသင်္ခတနိဗ္ဗာန်" လို့ စကားကို နှစ်ခုစပ်ပြီးတော့ ဒီလိုမှတ်ပါ၊ "ကိလေသနိဗ္ဗာန်" နဲ့ မရောရအောင် ဟုတ်လား၊ ကိလေသာက ဒီခန္ဓာထဲမှာပဲ ဖြစ်တာ၊ ဒီခန္ဓာထဲမှာပဲ ရပ်တာ၊ အသင်္ခတနိဗ္ဗာန်ဆိုတာက ခန္ဓာထဲမှာ မဟုတ်ဘူး၊ ခန္ဓာအပြင်ဘက်မှာ။

ဘုန်းကြီးတို့ဟောဖူးတယ်၊ ဥပမာလေးနဲ့ ပရိသတ်များအား တခါပြောဖူးပါတယ်၊ ဘာတဲ့ဆိုတော့....

နိဗ္ဗာနံ ခန္ဓပတိဗဒ္ဓမေဝ—

နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ ခန္ဓပတိဗဒ္ဓမေဝ၊ ခန္ဓာနှင့်စပ်နေတယ်။ ဒါဖြင့် ခန္ဓာထဲမှာလားဆိုတော့ ခန္ဓာထဲမှာတော့ မဟုတ်ဘူး၊ ဘာကြောင့်တုံး "ဗဟိဒ္ဓ"တရား ခန္ဓာအပြင်မှာ ရှိတဲ့တရား၊ ခန္ဓာအပြင်မှာ ရှိလို့ နိဗ္ဗာန်ကို ဗဟိဒ္ဓတရားလို့ ခေါ်ပါတယ်။

သင်္ခတ,အသင်္ခတ တရားတွေကို မြတ်စွာဘုရားဟာ နှစ်ပုံပုံပြီးတော့ ဟောတော်မူတုန်းက "ဓမ္မသင်္ဂဏီ" ဆိုတဲ့ တရားတို့ကို စုပြီးတော့ ဟောတဲ့ပါဠိတော်ကြီးမှာ....

သင်္ခတာ ဓမ္မာ, အသင်္ခတာ ဓမ္မာ
အဇ္ဈတ္တာ ဓမ္မာ, ဗဟိဒ္ဓါ ဓမ္မာ

အဇ္ဈတ္တာ ဓမ္မာ ဆိုတာ စိတ်, စေတသိက်, ရုပ်။
ဗဟိဒ္ဓါ ဓမ္မာ ဆိုတာက နိဗ္ဗာန်။

နိဗ္ဗာန်သည် ကိုယ်ထဲ မရှိဘူးလို့ မှတ်ထား၊ အဲဒါ နိဗ္ဗာန် ကိုယ်ထဲရှိတယ်၊ သူ့ဟာသူ ရှိပြီးသား၊ ဒီအတိုင်းထားဆိုတဲ့ ပုဂ္ဂိုလ်တွေ ဘုန်းကြီးတို့ပရိသတ်များ အဲဒါ ဒီပါဠိတော်နဲ့ မညီဘူး နော်။

ပါဠိတော် တို့က အရေးမစိုက်နိုင်ဘူး၊ တို့သဘောပဲဆိုယင် တော့ ဘုန်းကြီးတို့က အဲဒါ မတတ်နိုင်ပါဘူး။

ဗဟိဒ္ဓတရားဆိုတာက နိဗ္ဗာန်၊ ခန္ဓာထဲ ရှိနေတာမှ မဟုတ်ပဲ၊ ဒီကနေ့ ဘုန်းကြီးတို့ပရိသတ်အပေါင်း သူတော်ကောင်းတို့ ရှုနေ တာကတော့ ရေမှော်ကို ဖယ်စေဖို့ အနယ်ကို ထိုင်စေဖို့ ရေကို ကြည်လင်စေပြီးတော့ ငြိမ်သက်စေဖို့ရန် ကြိုးပမ်းသလိုပဲ။

## ကိလေသာနဲ့ နီဝရဏတွေကို ဖယ်ရှား

နီဝရဏတွေကို ကွာစေဖို့၊ ကိလေသာတွေကို ကွာစေဖို့၊ နီဝရဏတရားတွေကို ခွာချဖို့ ကိလေသာတရားကို ကွာစေဖို့ရန် အလုပ်နှင့်ဘု မဟုတ်လား။

နီဝရဏဆိုတာက ရေမှော်
ကိလေသာဆိုတာက ရေထဲက အနယ်အမှော်
ရေမှော်လဲ ဖယ်လိုက် နီဝရဏကွာပစေ၊
အနယ်လဲ ထိုင်ပစေ ရေကြည်သွားမယ်။

ဘာဆိုလိုတာလဲ၊ ကိလေသာ ကင်းသွားရမယ်၊ နီဝရဏ ကွာ ကိလေသာလဲ စင်၊ ရေအနယ်နဲ့ ရေမှော်စင်တော့ ရေကြည် တယ် မဟုတ်လား၊ အဲဒီအချိန် ဒီရေခွက်ကို ငုံ့ကြည့်တော့ ဖောက် ပြီးတော့ ယို—အောက် အခြေအထိ မြင်နိုင်တယ်ပေါ့။

အောက်အခြေထိ မြင်နိုင်တော့ ရေထဲမှာ ငါးသွားတာလဲ မြင်ရမယ်၊ လိပ်တွေ မကန်းတွေ သွားတာလဲ တွေ့ရမယ်၊ ဟို– အောက်အခြေက ကျောက်ခဲသလဲတွေလဲ တွေ့ရမယ်၊ ဒီလို မဟုတ်လား။

အေး....သင်္ခတတရားပေါ်မှာ ဖုံးပြီးတော့နေတဲ့ နီဝရဏကို “သမာဓိ”နဲ့ ခွာ၊ ကိလေသာကို “ဝိပဿနာဉာဏ်”နဲ့ ခွာ၊ ဟုတ်လား၊ သမာဓိနဲ့ ဉာဏ်၊ ဉာဏ်နဲ့ သမာဓိ၊ ဒီနှစ်ခုနဲ့ ခွာလိုက်တော့ နီဝရဏလဲ ကင်း၊ ကိလေသာလဲ ကင်း၊ သင်္ခတတရားတို့ရဲ့ လက္ခဏာကိုဖောက်ပြီးတော့ မြင်ပြီလဲဆိုရင် ဟို–ဘက် အသင်္ခတကို ဒိုင်းကနဲ ကျော်ထွက်သွားတယ်။

အဲဒီလို အသင်္ခတကို ကျော်ပြီးတော့ မြင်လိုက်တာကို ဘာခေါ်လဲ၊ “လောကုတ္တရာ”ခေါ်တာ၊ လောက–ဥတ္တရ၊ လောကကြီးထဲက ကျော်ထွက်သွားတာ လွန်ထွက်သွားတာကို လောကုတ္တရာ။

လောကကြီး ကြည့်လိုက်တော့ ဘယ်လောက ကြည့်ကြည့်၊ ရုပ်လောက ကြည့်တော့လဲ ဖြစ်တာရယ် ပြောင်းနေတာရယ် ပျက်တာရယ် ဒါပဲ တွေ့ရမယ်၊ နာမ်လောကကြည့်တော့လဲ ဖြစ်တာရယ် ပြောင်းနေတာရယ် ပျက်နေတာရယ်၊ ဒါပဲ တွေ့ရတယ်။

ဖြစ်တာနဲ့ ပြောင်းတာ ပျက်နေတာ ရှိမှာပေါ့၊ အကြောင်းတရားတွေကြောင့်၊ အကြောင်းတရားတွေ ညီညွတ်တုန်း ဖြစ်တယ်၊ အကြောင်းတရားတွေ မညီညွတ်တော့ ပျက်တယ်၊ သြော်–အဲဒါကို လောက ခေါ်တယ်လို့ သဘောကျ။

အဲဒီကနေ လွန်ထွက်သွားတော့ လောကုတ္တရာ၊ အကြောင်းတရားကိုမှ မရှိတဲ့အတွက်ကြောင့် အဖြစ်တရားလဲ မရှိ၊ အဖြစ်မရှိယင် ပြောင်းတာလဲ မရှိ၊ ပြောင်းလဲတာမရှိယင် ပျက်တာလဲ မရှိ၊ ဒါကြောင့် အသင်္ခတရဲ့ လက္ခဏာသည်–

(၁) ဥပ္ပါဒလဲ မရှိ

(၂) ဝယလဲ မရှိ

(၃) အညထတ္တလဲ မရှိဘူး

အဲဒီ သုံးခု မရှိမှုကို အသင်္ခတလို့ ခေါ်တယ်။

## အသင်္ခတ နိဗ္ဗာန်ဆိုတာ

ဒါဖြင့် ကိုယ်တော့် အသင်္ခတက ဘာမှ မရှိတာချည်းကလားလို့ ဒီလို ပြောလိမ့်ဦးမယ်၊ ဘာတော့ ရှိတုံးဆိုတော့....

သန္တိလက္ခဏံ အစ္စုတိရသံ အနိမိတ္တပစ္စုပဋ္ဌာနံ

သန္တိလက္ခဏံ၊ ငြိမ်းချမ်းတဲ့ သဘောတော့ ရှိပါတယ်။

အကြောင်းတရားတွေ ပေါင်းစုယင် မငြိမ်းချမ်းတော့ဘူးနော်၊ လက်ညှိုးလေး တချက် ဖြုတ်လိုက်ရုံနဲ့ လူအများကြီးသေလိမ့်မယ်၊ နည်းတဲ့အကြောင်းတွေ မဟုတ်ဘူး၊ လက်ညှိုးတချက် ဖြုတ်ဖို့ရန် ဘေးကနေ ဝိုင်းပြီးတော့ ထောက်ပံ့နေတဲ့အကြောင်းတွေ နည်းတာမဟုတ်ဘူး။

လက်ညှိုးလေး တချက် ကွေးလိုက်ရုံနဲ့ လူတွေ ထောင်နဲ့သောင်းနဲ့ ချီပြီးတော့ သေသွားဆိုတာ ပရိသတ်များ စဉ်းစားသာ ကြည့်၊ ဟောဒီမှာ လူတွေ ထောင်ပေါင်းများစွာ သေဖို့ရန်အတွက် လက်ညှိုးလေး တချက်ကွေးလိုက်ရုံပဲ၊ နောက်ဆုံးလုပ်ငန်းဟာ လက်ညှိုး တချက် ကွေးရုံပဲ။

အဲဒီ လက်ညှိုးလေး တချက် ကွေးပေးလိုက်ဖို့ရန်အတွက် လုပ်ထားတဲ့စက် အစီအအစဉ် တွေ အကြောင်းတရား တွေ ပေါင်းထားရတာတွေက နည်းမှမနည်းပဲ၊ ဆင်ထားလိုက်တာ ခေတ်မီလက်နက်တွေကို စဉ်းစားကြည့်နော် ဟုတ်လား။

အဲဒီ အကြောင်းတရားတွေရဲ့ ပေါင်းစုမှုကြောင့် ဘုန်းကြီး တို့ပရိသတ် သတ္တဝါတွေဟာ ဒုက္ခဖြစ်နေတာ၊ ဒီအကြောင်း တရားတွေကို အကုန်ဖယ်ပစ်လိုက်—တဲ့၊ အကြောင်းတရားတွေ ပေါင်းစုမှု လုံးဝမရှိယင် အကြောင်းကြောင့် ပေါ်လာတဲ့ အကျိုးဆိုတာ မရှိတော့ဘူး၊ အကြောင်း အကျိုး ကင်းသွား တယ်၊ အကြောင်းကုန်ယင် အကျိုးလဲ ကုန်တာပေါ့။

အသင်္ခတနိဗ္ဗာန်သည် အကြောင်းကြောင့် ဖြစ်တဲ့ အကျိုး မဟုတ်ဘူးဆိုတာကိုတော့ ဘုန်းကြီးတို့ပရိသတ် မှတ်ကြ၊ ပင်ကိုယ်ကရှိနေတဲ့ သန္တိဓာတ်လို့ခေါ်တယ်။

အစဉ်အမြဲ ဘယ်သူမှ လုပ်ထားတာ မဟုတ်သော ဘယ် အကြောင်းကြောင့်မှ ဖြစ်လာသည် မဟုတ်သော ဖြစ်အောင် လုပ်ယူရသည်လည်း မဟုတ်သော အစဉ်အမြဲရှိနေတဲ့ သန္တိဓာတ် ကို "အသင်္ခတနိဗ္ဗာန်" လို့ ခေါ်တယ်။

ယထာပိ ဥဏှော ဝိဇ္ဇန္တေ၊ သီတလံ နာမ ဘိဝိဇ္ဇတိ။

အပူဆိုတာ ရှိယင် အအေးဆိုတာ ရှိစမြဲ ဟုတ်ပါယ်မဟုတ် လား၊ အရောင်ဆိုတာ ရှိယင် အလင်းဆိုတာ ရှိစမြဲ၊ ဒါ့ ဟုတ် လား၊ ဆင်းရဲတယ်ဆိုတာ ရှိယင် ချမ်းသာတယ်ဆိုတာ ရှိစမြဲ။

သင်္ခတဆိုတာ ရှိယင် အသင်္ခတဆိုတာ ရှိစမြဲ၊ အကြောင်းကြောင့်ဖြစ်တာ ရှိယင် အကြောင်းကင်းပြီးတော့ ငြိမ်းချမ်းတယ် ဆိုတာလဲရှိတယ်။

## နိဗ္ဗာန်ရဲ့ဂုဏ်ပုဒ်တွေ

ဒါကြောင့် နိဗ္ဗာန်ရဲ့ ဂုဏ်တွေကို ဘုရားရှင်ကိုယ်တော်မြတ် ဟောတော်မူတော့....

အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတံ-

အဇာတံ၊

အဘူတံ၊

အကတံ၊

အသင်္ခတံ၊ ပါဠိတော် လေးပုဒ်။

နိဗ္ဗာန်ရဲ့ ဂုဏ်တွေ များစွာထဲက....

ဘိက္ခဝေ၊ ရဟန်းတော်များ အို....ချစ်သားတို့။

အဇာတံ၊ အကြောင်းကြောင့်မဖြစ် နဂိုကငြိမ်းချမ်းနေတဲ့ သန္တိလက္ခဏာ သန္တိဓာတ်လို့ ဆိုရတဲ့ အငြိမ်းဓာတ်သည်။ အတ္ထိ၊ ရှိပါ၏။

အဇာတတရား၊ နိဗ္ဗာန်ကို အဇာတလို့လဲ ဖော်ထုတ်ရတယ်၊ အဇာတဆိုတာက အကြောင်းကြောင့် ဖြစ်တာ မဟုတ်ဘူးလို့ ပြောတယ်။

အဘူတတရား...တဲ့၊ အကြောင်းကင်းလို့ အလိုလိုဖြစ်တဲ့ အဖြစ်လဲမဟုတ်ဘူး၊ ဖြစ်ဆိုတဲ့ဘက်ကို ဒီမယ် ဦးတည်ပြီးတော့ ယယ်နေတာနော်၊

(၁) အဇာတ – အကြောင်းကြောင့်ဖြစ်တဲ့ အဖြစ်တရားလဲမဟုတ်ဘူး၊

(၂) အဘူတ – အကြောင်းမဲ့ဖြစ်တဲ့ အဖြစ်တရားမဟုတ်၊

(၃) အကတ – တစုံတယောက်က လုပ်ထားတာမဟုတ်၊

(၄) အသင်္ခတ – နဂိုရှိပြီးသားကို တစုံတယောက်က ပြုပြင်ထားတာမဟုတ်၊

နိဗ္ဗာန်ရဲ့ ဂုဏ်ပုဒ်တွေ၊ ဒီပြင် ဘာရှိသေးလဲ သန္တိလက္ခဏာ သန္တိဓာတ်ရှိတယ်၊ သန္တိလက္ခဏာ–ငြိမ်းချမ်းတဲ့ လက္ခဏာဆိုတဲ့ သန္တိဓာတ်တော့ အရှိသားပဲ။

အဲဒီ ငြိမ်းချမ်းတဲ့ သန္တိဓာတ်ဟာ ပြောင်းသေးလားလို့ မေးယင်....

အစ္စုတိရသံ-တဲ့

အစ္စုတိရသံ-ဘယ်တော့မှ မပြောင်းဘူးတဲ့၊

သန္တိလက္ခဏာ ပြောင်းသလား ရွေ့သလား မေးယင် မပြောင်း မရွေ့၊ ဟောဒီ သင်္ခတတရားတွေကတော့ အမြဲတမ်း ပြောင်းနေတာပဲ၊ သိတယ်၊ တော်ကြာ မသိပြန်ဘူး၊ မသိဘူး၊ တော်ကြာ သိပြန်တယ်။

သိပုံက တော်ကြာ တမျိုး သိပြန်တယ်၊ ဝိညာဏ်လေးကိုက သိပြီး တော်ကြာ ကုန်သွားတယ်၊ တမျိုး သိပြီးယင် တမျိုး သိတယ်၊ ဟာ....တော်ကြာ ပူတယ်၊ တော်ကြာ အေးတယ်၊

ဒီလိုမဟုတ်လား၊ သင်္ခတတရားတွေ အမြဲတမ်း ပြောင်းနေကြတာ။

"မြစ်တခုတည်း နှစ်ကြိမ် ဆင်းမရဘူး" တဲ့။

ဒီလိုပြောကြတယ်၊ ဘယ်ဆင်းရမလဲ ဟုတ်တာပေါ့၊ အခုဆင်း ပြန်တက်၊ ဘယ်နောက်တခါ ပြန်ဆင်းတော့ စောစောက ကိုယ်နင်းထားတဲ့ရေ ဒီနေရာ မရှိတော့ဘူး၊ ဟိုရောက်သွားပြီ၊ နောက်တခါပြန်ဆင်းတော့ အသစ်ရောက်လာတဲ့ ရေနော်။

အဆင့်အတန်းမြင့်တဲ့ စိတ်(၂)လုံး

အသင်္ခတတရားတွေဟာ မြစ်ရေလို အမြဲတမ်း ပြောင်းနေတယ်၊ အသင်္ခတတရားကတော့ ငြိမ်နေတယ်၊ ဘယ်တော့မှ မပြောင်းဘူး၊ ဒါဖြင့်ယင် အသင်္ခတတရားဆိုတဲ့ မပြောင်းလဲတဲ့ နိဗ္ဗာန်ရဲ့အငြိမ်းသဘောကို ဘုန်းကြီးတို့ပရိသတ်များ မှတ်ထား၊ အဆင့်အတန်း အမြင့်ဆုံးဖြစ်တဲ့ စိတ်နှစ်လုံးကို မရသေးယင် မကြည့်နိုင်ဘူး မသိနိုင်ဘူး။

အဆင့်အတန်း မြင့်တဲ့ စိတ်နှစ်လုံးကို ဘုန်းကြီးတို့ပရိသတ်က ရအောင် အားထုတ်ရမယ်။

ဘုန်းကြီးပြောတာ မှတ်ထား၊ နိဗ္ဗာန်ကို ရအောင် အားထုတ်ရမှာလား၊ သို့မဟုတ် အဆင့်အတန်း အမြင့်ဆုံးဖြစ်တဲ့ စိတ်နှစ်လုံး ပေါ်လာအောင် အားထုတ်ရမှာလား စဉ်းစား၊ ကိုယ့်သန္တာန် အဆင့်အတန်း အမြင့်ဆုံးဖြင်တဲ့ စိတ်နှစ်လုံး ပေါ်လာအောင် ရလာအောင် အားထုတ်။

ဆိုလိုတာက ဒီ စိတ်တွေကို တဆင့်ပြီး တဆင့် တဆင့်ပြီး တဆင့် စိတ်တွေကို အဆင့်ဆင့် မြင့်တက်ပြီး သွားအောင် ဒီလို အလုပ်လုပ်၊ အဆင့်အတန်း အမြင့်ဆုံး စိတ်နှစ်လုံး ဒိုင်းကနဲ ပေါ်ပြီလဲဆိုရော ဟို....နိဗ္ဗာန် မြင်သွားရော။

အောက်တန်းကျတဲ့ စိတ်တွေနဲ့တော့ နိဗ္ဗာန်ကို ကြည့်လို့မရ ဘူး ဟုတ်လား၊ ကိလေသာစိတ်က ပညတ်လောကပဲ ကြည့်လို့ ရတယ်၊ ပညတ်ကို ကြည့်တော့ ကိလေသာက တိုးတိုးလာတယ်။ အဲဒီတော့ သိပ်လောင်တာပေါ့။

ဝိပဿနာဉာဏ်ဆိုတော့ စိတ်ရတော့ သင်္ခတလောကတော့ မြင်ပြီ၊ သင်္ခတမြင်တော့လဲ ဒုက္ခလို့ မြင်နေတာ၊ ဥပ္ပါဒ်,ဝယ, အညထတ္တ အဲဒါတွေ အကုန်လုံး ဒုက္ခ၊ အဲဒါက ဝိပဿနာ စိတ်နဲ့ ရှုတော့ ဒါပဲ ရတယ်၊ အဲဒါ လောကီစိတ် ခေါ်တယ်။

ဘာကြောင့် လောကီစိတ် ခေါ်လဲဆိုတော့ တရစပ် ပျက်စီး နေတဲ့ လောကကြီး ကြည့်နေတဲ့စိတ်ကို လောကီစိတ် ခေါ်တာ၊ တရစပ် ပျက်စီးနေတဲ့ လောကကြီးကို လွန်ထွက်သွားတဲ့စိတ်က လောကုတ္တရာ၊ အဲဒါက မဂ်စိတ် ဖိုလ်စိတ်ဆိုတဲ့ နှစ်မျိုးတည်း ရယ်။

ဒီစိတ်ကလေး နှစ်လုံး ကိုယ့်သန္တာန် ပေါ်ပြီလဲဆိုရော အခ်တကို မကြည့်တော့ဘူး၊ ပျက်စီးတဲ့လောကကြီးကို မကြည့် တော့ဘူး၊ ဘယ်တော့မှ မပျက်ပဲနဲ့ ငြိမ်းအေးနေတဲ့ အသင်္ခတ နိဗ္ဗာန်ကို တွေ့ပြီလို့ ဒီလို မှတ်လိုက်ကြ။

## ဒီစိတ်(၃)မျိုးပဲ မှတ်ထားပါ

ဒီတော့ စိတ် အစီအစဉ်ကလဲ မများပါဘူး၊ (၃) မျိုး တည်းပါ။

(၁) ကိလေသာစိတ်ရယ်

(၂) ဝိပဿနာစိတ်လို့ဆိုရတဲ့ လောကီစိတ်ရယ်

(၃) လောကုတ္တရာစိတ်ရယ်

ကိလေသာ, လောကီ, လောကုတ္တရာ၊

ကိလေသာတွေလဲ လောကီစိတ်ထဲတော့ ပါတာပါပဲ၊ သို့သော် ပညတ်အာရုံအတွက် သူ့ ကို သီး ခြား ခွဲ ပြီး တော့ ဆိုလိုက်ကြပါနော်၊ ကိလေသာစိတ်သည် ပညတ်ကို ကြည့်တယ်၊ ကိလေသာနဲ့ ပညတ်၊ ပညတ်နဲ့ ကိလေသာ အပ်စပ်ပြီးနေတော့ ကိလေသာ တိုပွားလာတယ်။

အဲဒါကြောင့် ပညတ်ကိုလွန် သင်္ခတရုပ်နာမ်ကို မြင် အဲဒီ အခါကျတော့ ဝိပဿနာ ခေါ်တယ်၊ အဲဒီ ဝိပဿနာ လောကီ စိတ်နဲ့ ရှုတော့ လောကဆိုတာကို တွေ့တော့ တရစပ်ပျက်စီး နေတာ ဥပ္ပါဒ တွေ့မယ်၊ ဝယ တွေ့မယ်၊ အညထတ္တတွေ့မယ်။

ဘာ့ကြောင့် ဥပ္ပါဒဖြစ်၊ အကြောင်းတို့ရဲ့ သမ အနုလောမ ကြောင့်၊ အညသတ္တနဲ့ ဝယက ဘာကြောင့်ဖြစ်၊ ဝိသမနဲ့ ဝိလောမ ကြောင့် ဖြစ်တယ်၊ အဲဒါ လောကီအမြင်တဲ့ အဲဒီမှာနော်၊ တနည်းဆိုယင်တော့ အဲဒါ လောကကို ကောင်းစွာမြင်လိုက်တဲ့ လောကအမြင်။

ဒီလောက ကောင်းစွာမြင်ယင် ရုပ်လောက နာမ်လောက သင်္ခတလောကကို ကောင်းစွာမြင်ယင် ထိုပုဂ္ဂိုလ်သည် အဘိညာ ပါရဂူ၊ ပရိညာပါရဂူ၊ ဘာဝနာပါရဂူ၊ ပဟာနပါရဂူ ဖြစ်သွားပြီ။

## အသင်္ခတနိဗ္ဗာန်ရဲ့သဘော

အသင်္ခတနိဗ္ဗာန်ရဲ့ အငြိမ်းဓာတ် တွေ့လိုက်တဲ့အခါကျတော့–

အဇာတသဘော – အကြောင်းကြောင့် ဖြစ်တာမဟုတ်ဘူး၊ သဘောပိုင်သွားတယ်။

အဘူတသဘော – အကြောင်းကင်း၍ ဖြစ်တာလဲ မဟုတ်ဘူး။

အကတသဘော – တစုံတယောက်က လုပ်ထားတာလဲ မဟုတ်ဘူး။

အသင်္ခတသဘော – တစုံတခုသော အကြောင်းတရားတို့ဖြင့် တစုံတယောက်သော ပုဂ္ဂိုလ်က ပြုပြင်ပြီးတော့ ယူထားတာလဲ မဟုတ်ဘူး၊ ပင်ကိုယ်က ငြိမ်းနေတယ်ဆိုတဲ့ သန္တိ အငြိမ်းဓာတ်။

အစ္စုတရသံ – ကမ္ဘာ အသင်္ချေ အနန္တ ပြောင်းချင်တိုင်း ပြောင်း၊ ဘုရားအဆူဆူ ပြောင်းချင်တိုင်းပြောင်း ဘယ်တော့မှ ပြောင်းလဲခြင်းမရှိတဲ့ အစ္စုတိသဘော။

ကမ္ဘာတွေ တကမ္ဘာပြီး တကမ္ဘာ၊ လူမျိုးစုတွေ တစုပြီး တစု၊ ဘုရားတွေ တဆူပြီး တဆူ ပြောင်းချင်တိုင်း ပြောင်းပါစေ၊ အသင်္ခတနိဗ္ဗာန်ရဲ့ သဘောဟာ ဘယ်တော့မှ မပြောင်းဘူး၊ အဲဒါကို အစ္စုတိရသ ခေါ်တယ်။

အဲဒီ မပြောင်းလဲသော သဘော အေးချမ်းသော သဘော ဆိုတဲ့ အစ္စုတိရသကို မဂ်စိတ် ဖိုလ်စိတ်ဆိုတဲ့ အမြင့်ဆုံး စိတ်နှစ်လုံးနဲ့ ကြည့်တဲ့အခါကျတော့ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံတွေ ဟောဒီမှာ အာရုံနိမိတ်အနေနဲ့ ထင်သလို ဒီလိုများ ထင်သလားလို့ဆိုတော့....

အနိမိတ္တ ပစ္စုပဋ္ဌာန်–

ရူပ,သဒ္ဒ,ဂန္ဓ,ရသ,ဖောဋ္ဌဗ္ဗ အနေနဲ့တော့ သူတို့ဟာ မထင်ဘူးတဲ့၊ အငြိမ်းဓာတ်အနေနဲ့သာ တွေ့လိုက်တာ၊ အဲဒါ အနိမိတ္တပစ္စုပဋ္ဌာန်-တဲ့။

ဘုန်းကြီးတို့ပရိသတ်များ သခ်ာကြည့်တော့ ရူပါရုံအနေနဲ့လဲ ကြည့်လို့ရတယ်၊ သဒ္ဒါရုံအနေနဲ့လဲ ကြည့်လို့ရတယ်၊ ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာရုံ,ဓမ္မာရုံအနေနဲ့ ဒီလို ကြည့်လို့ဖြစ်တယ် မဟုတ်လား။

အသခ်တနိဗ္ဗာန်ကျတော့ ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗဆိုတဲ့ အာရုံနိမိတ်တွေ ကင်းပြီးတော့ ငြိမ်းတဲ့အနေနဲ့ ထင်တာ အဲဒါ အနိမိတ္တပစ္စုပဋ္ဌာန်။

အစ္စုတိရသံ – ကမ္ဘာ အသခ်ေျ အနန္တနဲ့ ဘုရားတွေ ပြောင်းချင်တိုင်းပြောင်း ဘယ်တော့မှ မပြောင်းလဲတဲ့ သဘောက အသခ်တနိဗ္ဗာန်၊ ငြိမ်းချမ်းတဲ့သဘောက သန္တိလက္ခဏာ၊ သူ့မှာ အကြောင်းမရှိတော့ အဇာတ၊ ဟုတ်တယ်မဟုတ်လား၊ အေး....ဒါကြောင့်–

## အသင်္ခတလက္ခဏာ (၃) ချက်

ဘိက္ခဝေ၊ ရဟန်းတော်များ အို....ချစ်သားတို့။ အသင်္ခတဿ၊ အသင်္ခတဆိုသော နိဗ္ဗာန်၏။ လက္ခဏာနိ၊ လက္ခဏာတို့သည် ကား။ ဣမာနိ တီဏိ၊ ဤသုံးမျိုးတို့ပါပေတည်း။

ကတမာနိ တီဏိ၊ အဘယ်သုံးမျိုးတို့နည်းဟူမူကား။

(၁) ဥပ္ပါဒေါ၊ ဖြစ်တဲ့သဘောသည်။ န ပညာယတိ၊ မထင်ရှား။ ဖြစ်သဘောလဲ မလာတော့ဘူး။

(၂) အညထတ္တံ၊ ပြောင်းလဲတယ်ဆိုတဲ့ သဘောသည်။ န ပညာယတိ၊ မထင်ရှား။

(၃) ဝယော၊ ပျက်စီးတယ်ဆိုတဲ့ သဘော သည်။ န ပညာယတိ၊ မထင်ရှား။

ဖြစ်, ပြောင်း, ပျက် မရှိဘူး။

ဘယ်ရှိမလဲ၊ အကြောင်းတရား ပေါင်းစုမှုကိုမှ မရှိတဲ့ အတွက် ကြောင့် ဖြစ်, ပြောင်း, ပျက် မရှိတော့ဘူး၊ အေး....အဲဒါ အသင်္ခတ၊ ဟုတ်လား။

အသင်္ခတနိဗ္ဗာန်ဆိုတော့ ကိုယ်ထဲမဟုတ်ဘူးလို့ ခုန ပြော ားတယ်၊ ဟိုဘက်ကမ်း နဲ့ ဒီဘက်ကမ်းနော်၊ အလယ်ကောင် ရေတွေပြည့်လို့၊ ရေတွေ မခန်း သေး သမျှ ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်း ရေတွေပြည့်နေသမျှတော့ တခြားစီ ဖြစ်နေမှာပဲ။

အဲဒီ ရေတွေ အကုန် ခန်းသွားပြီဆိုတဲ့ အခါ ကျတော့မှ ဟိုဘက်ကမ်း နဲ့ ဒီဘက်ကမ်းဟာ တဆက်တည်း ရေတွေခန်းဖို့ပဲ လိုပါတယ်၊ အဲဒါကြောင့် ပြောတာပေါ့....

## နိဗ္ဗာန်ဆိုတာ အဝေးကြီးမှာလား

နိဗ္ဗာနံ ခန္ဓပတိဗဒ္ဓမေဝ–

နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ ခန္ဓပတိဗဒ္ဓမေဝ၊ ခန္ဓာနှင့်တစပ်တည်း။

ခန္ဓာထဲမှာတော့ မဟုတ်ဘူး၊

ခန္ဓာနဲ့တော့ အနီးလေးပဲ၊ ခန္ဓာထဲမှာတော့ မရှိဘူး၊ ဟိုဘက်ကမ်း၊နဲ့ ဒီဘက်ကမ်း အနီးလေးပဲ၊ ရေရှိနေလို့သာ ဝေးတာ၊ အဲဒီရေတွေခန်းတော့ အလယ်ကောင် လျှောက်သွား ဟိုဘက်ကမ်း လွယ်လွယ်ကလေး ရောက်တယ်။

ကိလေသာဆိုတဲ့ ရေတွေ ကုန်ပြီ 'ပဟာနမါရဂ္ဂ'' ဘွဲ့ရပြီဆိုယင် ''ယစ္ဆိကိရိယပါရဂူ'' က လွယ် လွယ်လေး ပေါ့၊ ကိလေသာတွေကို အကုန်လုံး ပယ်နိုင်လို့ရှိယင် ''ပဟာနပါရဂူ'' ဖြစ်တယ်။

ကိလေသာ အကုန်လုံး ကုန်လဲသွားရော ကိလေသာဆိုတဲ့ ရေတွေခန်းသွားတော့ မြုတ်တာလဲမရှိ မျောတာလဲမရှိ၊ ဒီဘက်ကမ်းကနေ အသာလေး လျှောက်ပြီးတော့ သွားလိုက် သက်သက်သာသာ ဟိုဘက်ကမ်း တက်သွားလိမ့်မယ်။

ခန္ဓာငါးပါးဆိုတဲ့ သခ်တသည် ဒီဘက်ကမ်း၊ အသခ်တ နိဗ္ဗာန်သည် ဟိုဘက်ကမ်း၊ ကိလေသာ ဆိုတာတွေက အလယ်က ရေတွေပဲ-တဲ့၊ စီးနေလိုက်တာ လှိုင်းတံပိုးကလဲ ထူတယ်၊ အဲဒီအထဲ ရောက်တဲ့ပုဂ္ဂိုလ် မျောချင်လဲမျောမယ် မြုပ်ချင်လဲမြုပ်မယ်၊ မြုပ်တလှည့် မျောတလှည့်နဲ့ ဒီလို သွားကြရတာ။

မြုပ်ယင်လဲ သေရော၊ အောက်က ငါး လိပ် မကန်းတွေက အကုန်စား၊ မျောတဲ့ပုဂ္ဂိုလ်လဲ ကူးရတာ ခပ်ရတာ မသက်သာဘူး၊ ဒါကြောင့် မြုပ်တဲ့သဘော မျောတဲ့ သဘောမှ လွတ်အောင် ဟိုဘက်ကမ်းကို ရောက်အောင်သွား။

ဟိုဘက်ကမ်း ရောက်တော့ "သဉ္စိကိရိယပါရဂူ"

ပါရဂူဘွဲ့ ငါးပါး၊ အကုန်စုံသွားပြီ မဟုတ်လား၊ သင်္ခတကို အသေအချာ ရှု၊ လက္ခဏာသုံးချက်မိယင် အဘိညာ ပါရဂူ, ပရိညာပါရဂူ, ဘာဝနာပါရဂူ, ပဟာနပါရဂူ။

ကိလေသာတွေ အကုန် ကုန်သွားပြီဆိုတော့ ရေတွေခန်းသွားတဲ့ မြစ်ကြီးလိုပဲ "ပဟာနပါရဂူ"၊ ဟိုဘက်ကမ်းကို ရောက်ပြီ၊ ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်း ရေကုန်ယင် ဆက်မသွားဘူးလား၊ ဆက်သွားတယ်နော်၊ ရေပြည့်နေတော့ ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်း တခြားစီ၊ ရေတွေလဲခန်းတော့ ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်း ဆက်သွားတယ် "သစ္ဆိကိရိယပါရဂူ" တဲ့။

## သဘောလက္ခဏာ ကွာခြားမှု

အေး....ဒီကနေ့ ဘုန်းကြီးတို့ပရိသတ်အပေါင်း သူတော်ကောင်းတို့အတွက် သင်္ခတလက္ခဏာသုတ္တန် နဲ့ အသင်္ခတလက္ခဏာသုတ္တန် နှစ်ခုစပ်ပြီးတော့ ပါရဂူဘွဲ့ ငါးပါးရအောင် ကြိုးစားကြပါလို့ ဘုန်းကြီးတို့က ဒါ... တိုက်တွန်းတာ။

သင်္ခတကို ရှုတော့ လက္ခဏာသုံးချက် တွေ့တယ်။

အသင်္ခတဆိုတဲ့ ဟိုဘက်ကမ်းကျယင် တခုတည်းရယ်၊ တခုတည်းရယ် "သန္တိလက္ခဏာ" တဲ့၊ အသင်္ခတမှာ သန္တိလက္ခဏာရှိတယ်။

သင်္ခတမှာတော့....

(၁) ဥပ္ပါဒလက္ခဏာ

(၂) အညထတ္တလက္ခဏာ

(၃) ဝယလက္ခဏာ ရှိပါတယ်။

အသင်္ခတမှာတော့ သန္တိလက္ခဏာ ရှိပါတယ်၊ "သန္တိ" ဆိုတာ ငြိမ်းတာ၊ ဘာတွေငြိမ်းလဲဆိုတော့ ဥပ္ပါဒသဘောမှ ငြိမ်းတယ်၊ အညထတ္တသဘောမှ ငြိမ်းတယ်၊ ဝယသဘောမှ ငြိမ်းတယ်။

ဖြစ်သဘော ပြောင်းလဲတဲ့သဘော ပျက်စီးတဲ့သဘော ဟုတ်လား၊ ဖြစ်တာ မရှိ၊ ပြောင်းတာ မရှိ၊ ပျက်တာ မရှိ၊ ဒီသုံးခု ငြိမ်းသွားတာကို "သန္တိလက္ခဏာ" ဟုတ်လား။

အဲဒီ အငြိမ်းဓာတ် ဘယ်တော့မှ ပြောင်းလဲခြင်း မရှိတာက "အစ္စုတိရသ"

ရူပါရုံ, သဒ္ဒါရုံကို ကြည့်ပြီးတော့ အာရုံနိမိတ် ထင်ရမှာလားဆိုတော့ အာရုံနိမိတ်မထင်ဘူး၊ အဲဒါ 'အနိမိတ္တပစ္စုပဋ္ဌာန'

## မှတ်မိအောင် ထပ်ပြောပါမယ်

သင်္ခတလက္ခဏာ နဲ့ အသင်္ခတလက္ခဏာ ရပြီနော်၊ မှတ်မိအောင် ပြန်ပြောဦးမယ်။ သင်္ခတလက္ခဏာက အကြောင်းတရားတွေ ညီညွတ်မှုကြောင့် ဥပ္ပါဒရှိတယ်။

အဲဒီ ဥပ္ပါဒက အကြောင်းတရားတွေ မညီညွတ်ကြတော့ဘူး ဆိုတော့ ပြောင်းသွားတဲ့ အညထတ္တ ရှိတယ်။

မညီညွတ်မှုတွေက တိုး တိုး တိုး တိုးပြီး မညီညွတ်လာတော့ ပျက်စီးတဲ့ ဝယ ရှိတယ်။

အဲဒါ သင်္ခတ၊ ဒါပိုင်အောင်ရှု "အဘိညာပရိဂ္ဂ"ဖြစ်မယ်၊ "ပရိညာပရိဂ္ဂ"ဖြစ်မယ်၊ "ဘာဝနာပရိဂ္ဂ"ဖြစ်မယ်၊ "ပဟာနပရိဂ္ဂ"ဖြစ်မယ်။ အေး–အသင်္ခတကို တွေ့ပြီဆိုတဲ့ အခါကျတော့ တာဖြစ်တုံး၊ ဥပ္ပါဒ မရှိ၊ အညထတ္တ မရှိ၊ ဝယ မရှိ၊ ဒီသုံးခု ဘာကြောင့် မရှိတုံးဆိုတော့ အကြောင်းတရားတွေ ပေါင်းစုခြင်း မရှိလို့ ဒီသုံးခု မရှိတာ။

ဥပ္ပါဒ, အညထတ္တ, ဝယဟာ အကြောင်းရဲ့အကျိုး၊ နိဗ္ဗာန်က အကြောင်းကင်းနေတဲ့ အတွက်ကြောင့် ဥပ္ပါဒ, အညထတ္တ, ဝယ မရှိဘူး၊ ဒီသုံးခု ငြိမ်းသွားတဲ့ "သန္တိ" ဓာတ် ရှိပါတယ်၊ "သန္တိ" လက္ခဏာ ရှိပါတယ်။

သန္တိဆိုတဲ့ ငြိမ်းချမ်းတဲ့ သဘောသည်(၀ါ)ငြိမ်းချမ်းမှုသည် တယ်ကမ္ဘာမှာမှ မပြောင်းသောကြောင့် "အစ္စုတိရသ" ရှိပါတယ် ဟုတ်လား။

အဲဒီ သန္တိဓာတ်ကို ဘာနဲ့ ကြည့်မတုံးဆိုတော့ အဆင့်အတန်း အမြင့်ဆုံးဖြစ်သော မဂ်စိတ် ဖိုလ်စိတ် ဒီနှစ်လုံး ပေါ်အောင် လုပ်လိုက်ပါ၊ နိဗ္ဗာန်က သူ့ဟာသူ ရှိပြီးသား၊ ပေါ်အောင် လုပ်စရာကို မလိုဘူး။ နိဗ္ဗာန်က နဂိုက ရှိနေတဲ့ အငြိမ်းဆိုတော့ ဒါကိုပေါ်အောင်လုပ်ဖို့ မလိုဘူး၊ကိုယ်လုပ်ဖို့က မဂ်စိတ် ဖိုလ်စိတ် ဒီနှစ်လုံးကို ပေါ်လာအောင် လုပ်လိုက်၊ မဂ်စိတ် ဖိုလ်စိတ် ဒီနှစ်လုံး ဝင်ခွင့်ရအောင် လုပ်လိုက်။

ဒီ စိတ်နှစ်လုံးက ဘယ်အချိန် ဝင်ခွင့်ရသလဲလို့ဆိုတော့ ဝိပဿနာဉာဏ်စိတ်(၁၀)လုံး ဖြစ်ပြီးယင် ခုနက မဂ်စိတ်နဲ့ ဖိုလ်စိတ်သည် ဝင်ခွင့်ရတာ။

## တပ်မကြီး (၁၀) ခု

ဝိပဿနာဉာဏ်စိတ် (၁၀) ခုက ဘုန်းကြီးတို့ပရိသတ်များ ဟို သူပုန်သူကန် အလွန်ထူထပ်တဲ့အရပ်ကို ရွှေပြေးစစ်တပ်ကြီး လွှတ်လိုက်ပြီးတော့ တိုက်သလိုပေါ့။

မြို့လေးတမြို့မှာ ရှင်ဘုရင် နန်းစိုက်ချင်တယ်၊ သူပုန်တွေက ထူလိုက်တာ အဲဒါ တပ်တွေလွှတ်ပြီးတော့ အကုန်တိုက်တော့ သူပုန်တွေ ပြေးရောမဟုတ်လား၊ တပ်တွေ တတပ်ပြီး တတပ် လွှတ်ပြီးတော့ တိုက်လိုက်တော့ သူပုန်တွေက အကုန်ရှင်း၊ ပြီးတော့မှ အဲဒီမြို့ကို လုံခြုံရေးအဖြစ်နဲ့ တပ်ကြီး ဝိုင်းပြီးတော့ ချ။

ရှင်းသွားပြီဆိုတော့မှ ရှင်ဘုရင်ကြီး ကြွတော်မူပါ၊ နန်းစိုက်တော်မူပါ၊ ရှင်ဘုရင်က နောက်မှလာတယ်၊ ရွှေပြေးတပ်က သူပုန်တွေ အကုန် တိုက်ပစ်လိုက်တယ်၊ ရှင်ဘုရင် နန်းစိုက်ပြီးပြီ ဆိုတာနဲ့ တပြိုင်နက်တည်း ဒီနေရာဟာ မြို့တော်ကြီး ဖြစ်သွားပြီ။

ရှင်ဘုရင် ရှိနေတယ်ဆိုတော့ ဘေးကတပ်တွေက အမြဲတမ်း ဝိုင်းထားတယ် မဟုတ်လား၊ နောက်ထပ်တဖန် ရန်သူများ မလာနိုင်တော့ပါဘူး၊ ဟုတ်လား၊ အဲဒီနေရာမှာ ရုံးသာစိုက်မထား နန်းသာစိုက်မထား၊ တပ်သာ စွဲမထားယင်တော့ နောက်ထပ် ရန်သူတွေ ပြန်လာဦးမယ်။

ဝိပဿနာဉာဏ် (၁၀) ပါးသည် သူပုန်ကို နှိမ်နင်းသော ရှေ့ပြေးတပ်၊ မင်္ဂစိတ်နဲ့ ဖိုလ်စိတ်ဆိုတာက နောက်ကလာပြီးတော့ နန်းစိုက်တဲ့ ရှင်ဘုရင် ဟုတ်လား၊ ဒီရှင်ဘုရင် ဒီနေရာမှာ စွဲစွဲမြဲမြဲ နန်းစိုက်နိုင်အောင် တပ်က အစဉ်သဖြင့် ဝိုင်းပြီးတော့လား။ သူပုန် ဘယ်တော့မှ မလာဘူး။

ဝိပဿနာဉာဏ် (၁၀) တန်က ကိလေသာကို ဖယ်ခဲ့တယ်၊ သို့သော် မင်္ဂစိတ်နဲ့ ဖိုလ်စိတ် မဝင်သေးယင် ဝိပဿနာဉာဏ်တွေ ကုန်လဲသွားရော ကိလေသာ ပြန်ဝင်လာတယ်၊ ရှင်ဘုရင်ကြီး နန်းမစိုက်ရသေးလို့၊ မင်္ဂစိတ်နဲ့ ဖိုလ်စိတ်က ဒိုင်းကနဲ ဝင်ပြီးတော့ နိဗ္ဗာန်ကြည့်ပြီးပြီလဲ ဆိုရော ကိလေသာ ဝင်ခွင့်မရတော့ဘူး၊ ဟုတ်လား။

## ကိလေသာ မြူတိမ်တွေ ကင်းသွားတဲ့အခါ

အေး....ဒါ့ကြောင့် လောကီဆိုတာ သစ်တကို ရှုတာ၊ ဝိပဿနာဉာဏ် (၁၀) တန်က ကိလေသာကို ဖယ်၊ မိုးတိမ်တွေကို အကုန်ဖယ်လိုက်တော့ ရှင်းသွားတော့ လ, ကြီး ထင်းကနဲ ပေါ်လာသလိုပေါ့နော်။

မိုးတိမ်တွေ မိုးတိမ်တွေ ကောင်းကင်မှာ ဖုံးပြီးတော့ နေလိုက်တာ ကြည့်ယင်း ကြည့်ယင်းနဲ့ လေကလေးက ဖြူးဖြူး ဖြူးဖြူးနဲ့ တိုက်တိုက် တိုက် တိုက်ထုတ်လိုက်တာ တိမ်တွေ ရှင်းသွားတော့ ဘွားကနဲ လ, ကြီး ပေါ်လာတယ်၊ မဟုတ်လား။

ဘုန်းကြီးတို့ပရိသတ်များ ကိလေသာတွေကလဲပဲ ဝိပဿနာဉာဏ်ဆိုတဲ့ လေတဖြူးဖြူးတိုက်ပေးရတာ၊ အဲဒီတော့ ကိလေသာ

ဆိုတဲ့ တိမ်တွေ ရှင်းလဲသွားရော မိုးတိမ်တွေ ရှင်းသွားတဲ့အခါမှာ လမင်းကြီး ဘွားကနဲ ထွက်ပေါ်လာသလိုပဲ၊ ကိလေသာတွေ အကုန်ရှင်းထွက်သွားပြီဆိုတဲ့ အခါကျတော့မှ အသင်္ခတနိဗ္ဗာန်က ဘွားကနဲ ဒီမှာ ပေါ်လာတာ။

အဲဒီအချိန်ကျတော့မှ မဂ်စိတ်က အသာလေး ထိုင်ပြီးတော့ သူကကြည့်လိုက်တာ မဟုတ်လား၊ မဂ်စိတ်က နိဗ္ဗာန်ကြည့်ပြီးပြီလဲဆိုရော အဲဒီနိဗ္ဗာန်ကို မြင်သိတဲ့အသိကို ဘယ်တော့မှ ဖျက်လို့မရတော့ဘူး။

လ,ကို အသေအချာ မြင်ပြီးပြီဆိုတဲ့ ပုဂ္ဂိုလ်သည် လ,ရဲ့ သဘော သဘာဝကို ပိုင်ပြီးပြီ၊ မျက်စိကွယ်သွားတောင်မှ မိုးတိမ်တွေ ဖုံးနေတောင်မှ ဘာဖြစ်လဲ၊ လ,ဟာ ဘယ်နည်း ဘယ်ပုံဆိုတာကို ထိုသူသည် ပြောနိုင်ခဲ့ပြီ။

ဒီ အတိုင်းပဲပေါ့၊ မဂ်စိတ်ဟာ ဒိုင်းကနဲဆို ဥပ္ပါဒဖြစ်ပြီး ကုန်သွားပေမယ့်လဲ နိဗ္ဗာန်အကြောင်း သိပြီးပြီ ဖြစ်ခြင်းကြောင့် ဒီအသိကို ဖျက်ဆီးလို့ မရတော့ဘူး၊ အေး....အဲဒါ ခိုင်မြဲသော အသိ "သစ္စိကိရိယပါရဂူ"လို့ ခေါ်ပါတယ်၊ ဟုတ်လား။

ဒီကနေ့ ဘုန်းကြီးတို့ပရိသတ်အပေါင်း သူတော်ကောင်းတို့ "သင်္ခတလက္ခဏသုတ္တန်" နဲ့ "အသင်္ခတလက္ခဏသုတ္တန်"ကို နှစ်ခုစပ်ပြီးတော့ ဝိပဿနာရှုနည်း၊ သင်္ခတတရားရဲ့ လက္ခဏာနဲ့တကွ ဝိပဿနာရှုနည်း၊ အသင်္ခတတရားရဲ့ သဘောလက္ခဏာနှင့်တကွ နိဗ္ဗာန်ကို မြင်ပုံ၊ ဟုတ်လား၊ သုတ္တန်သည် နှစ်ခုပါ။

## ပါရဂူဘွဲ့ထူးတွေ ဆွတ်ခူးနိုင်ကြပါစေ

(၁) သန္တလက္ခဏာသုတ်
(၂) အသန္တလက္ခဏာသုတ်

သန္တနဲ့ အသန္တ ရရှိမယ့်ဘွဲ့က ဒီ သန္တ, အသန္တကို သိယင် ရရှိတဲ့ဘွဲ့က "ပါရဂူ"၊ ပါရဂူက ဘယ်နှစ်မျိုးလဲ....

(၁) အဘိညာပါရဂူ
(၂) ပရိညာပါရဂူ
(၃) ဘာဝနာပါရဂူ
(၄) ပဟာနပါရဂူ
(၅) သစ္ဆိကိရိယပါရဂူ

ကိုင်း... ပါရဂူဘွဲ့ ရချင်ယင် သန္တကို မြင်အောင်ကြည့်၊ လေးဘွဲ့တော့ ရမယ်၊ ဟုတ်လား၊ အသန္တကို မြင်အောင်ကြည့်ယင် ပါရဂူ ငါးထပ်ကွမ်း ရမယ်။

ကိုင်း....ကြိုက်ရာ ပါရဂူဘွဲ့ကို ရအောင်ယူ၊ ရှုရမှာကတော့ သန္တတရား၊ သန္တကို လွန်သွားမှ အသန္တက အလိုလို လာတယ်၊ ဟုတ်လား၊ အသန္တကို ရှုဖို့မဟုတ်ဘူး၊ သန္တကို ရှုဖို့ကြည့်ဖို့ စစ်ဆေးဖို့ ဖြစ်ပါတယ်။

အဲဒီ သန္တကို လွန်ပြီးယင် အသန္တသည် အလိုလို တွေ့ပြီးသားပါ၊ ဒီအခါ "သစ္ဆိကိရိယပါရဂူ" ဖြစ်ပါလိမ့်မယ်လို့ သဘောကျ။ သန္တကိုလဲ ပါရဂူလေးမျိုးပေါက်အောင် ကောင်းကောင်းကြီး ရှုနိုင်ကြပါစေ၊ အသန္တကိုလဲ "သစ္ဆိကိရိယပါရဂူ" ဘွဲ့

ရအောင် ကြိုးစားကြပါလို့ ဘုန်းကြီးတို့ တိုက်တွန်းပြီးတော့ နိဂုံးချုပ်ပါတယ်။

ပါရဂူမြောက်ပြီးသား ဆရာ ဆရာမတို့ ပါရဂူဘွဲ့ရအောင် ကြိုးစားနိုင်ကြပါစေ။

## တရားသိမ်း နိဂုံးဆုတောင်း

သဒ္ဓိတံ မေ မဟာပုညံ၊ ဓမ္မဒေသက သဒ္ဓိတံ။
တေန သဗ္ဗေ သုခါယန္တု၊ ဇနာ လ္လဒ္ဓသမင်္ဂိနော။

မေ—မယာ၊ ဒေသကဖြစ်သော တရားဟောဆရာ ငါသည်။ ဓမ္မဒေသကသဒ္ဓိတံ၊ သင်္ခတလက္ခဏာသုတ္တန်နှင့် အသင်္ခတလက္ခဏာ သုတ္တန်နှစ်ခုကို ပေါင်းစပ်၍ ဟောဆိုရခြင်းနှင့် စပ်ယှဉ်သော။ ယံ မဟာပုညံ၊ အကြင်ဓမ္မဒါန တရားအလှူတည်းဟူသော ဘာဝနာမယ ပုညကိရိယာကုသိုလ်ထူးကို။ သဒ္ဓိတံ၊ တရားလိုလားတဲ့ အမျိုးကောင်း သားသမီးတို့အတွက် ကြိုးစား၍ ဆည်းပူးလိုက်ရပါပေပြီ။

တုမှေဟိပိ၊ တရားချစ်ခင် စိတ်ကောင်းဝင်ကြပါကုန်သော သင်သူတော်စင် ပရိသတ်အပေါင်း တို့သည်လည်း။ ယံ မဟာပုညံ၊ အကြင် ဓမ္မသဝန—တရားနာရခြင်းတည်းဟူသော ဘာဝနာမယ ပုညကိရိယာကုသိုလ်ထူးကို။ သဒ္ဓိတံ၊ ကောင်းစွာ မသေ့ ဆည်းပူးမိကြပါပေပြီ။

တေန၊ ထိုသို့ဆည်းပူး ဓမ္မဒါန ဓမ္မသဝန ဘာဝနာမယ ပုညကိရိယာ ကုသိုလ်ထူးကြောင့်။ သဗ္ဗေ၊ လူအရပ်ရပ် နတ်

အဖြာဖြာ ဖြဟ်မွှာမကြွင်း ခပင်းဥဿုံ အလုံးစုံကုန်သော။ ဇနာ ဟရားနာပရိသတ်နှင့်တကွ သတ္တဝါဟူ နတ်လူပြဟ်မှာ ပေါင်း များစွာတို့သည်။

ဣဋ္ဌသမင်္ဂိနော၊ မိမိတို့လိုလား တောင့်တအပ်သော ဣဋ္ဌ အသွေသွေ ကျက်သရေမင်္ဂလာ အပေါင်းတို့နှင့် ပြည့်စုံကြကုန် သည်ဖြစ်၍။ သုခါယန္တု၊ ယနေ့ကစ နိဗ္ဗာန်ရသည့် ဘဝတိုင် အောင် စိတ်ရွှင်လန်း၍ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ရှိတော်မူကြပါစေကုန်သတည်း။

"သာဓု....သာဓု....သာဓုပါဘုရား။"

သင်္ခတ အသင်္ခတသုတ္တန်တရားတော် ပြီးပြီ။

# သီတဂူမေတ္တာ

၁။ ကိုယ်စိတ်နှစ်ဖြာ၊ ဘေးရန်ကွာ၊
ချမ်းသာကြပါစေ။

၂။ မေတ္တာနှလုံး၊ ကိုယ်စီသုံး၊
ရွှင်ပြုံးကြပါစေ။

၃။ မေတ္တာရေချမ်း၊ ဆွတ်ကာဖျန်း၊
ငြိမ်းချမ်းကြပါစေ။

၄။ မေတ္တာမဉ္ဇူ၊ မွှေးပျံ့ကြူ၊
ကြည်ဖြူကြပါစေ။

၅။ ခပ်သိမ်းသောသူ၊ တရားယူ၊
သီတဂူသို့ အေးပါစေ။

## အမြွတ်ဆုံးဒါန

ဤသိန်တာ အသိန်တာ သုတ္တန် တရားတော်
စာအုပ်ကို၊ ဦးကျော်ခင်မြင့်-ဒေါ်ခင်ခင်စိန်၊
မိသားစု၊ ၁၃၄-ရွှေဘုံသာ အောက်လမ်း၊
ရန်ကုန်မြို့ က မ,တည်ထားသော
အလှူငွေဖြင့် စိုက်ထုတ်၍ စာအုပ်မှ
ဖြစ်ပေါ်လာသော ဓမ္မပူဇာများကို၊

"သီတဂူရေအလှူတော်"

၌

ပါဝင်လှူဒါန်းမည်ဖြစ်ပါသည်။